



mgyee.com
SAMPLE BOOK
mgyee.com



mgyoe.com
SAMPLE BOOK

ကျေးတောသူ
9 782025 001262

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၂၆)

## ပုံနှိပ်မှတ်တမ်း



## လင်းရောင်နီ၊စဘော၊

## ကျေးတောသူ


| | | |
|---|---|---|
| ထုတ်ဝေသည့်အကြိမ် | ♦ | ပထမအကြိမ်၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ |
| မျက်နှာဖုံးဒီဇိုင်း | ♦ | **Citamin** |
| အတွင်းဒီဇိုင်း | ♦ | ခိုင်ဇင်ထွန်း |
| ထုတ်ဝေသည့်အုပ်ရေ | ♦ | ၅၀၀ |
| စာအုပ်တန်ဖိုး | ♦ | ၁၀၀၀၀ ကျပ် |
| ထုတ်ဝေသူ | ♦ | ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ) အမှတ် ၃၀၈၊ သဘောကျောင်း ၂ လမ်း၊ သဘောကျောင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။ |
| ပုံနှိပ်သူ | ♦ | ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃) အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | ♦ | စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနှင့် အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀ |

လင်းရောင်နီ(စဘော)
ကျေးတောသူ / လင်းရောင်နီ(စဘော)။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၅။
စာမျက်နှာ - ၁၈၄၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၁၂၆) ကျေးတောသူ


mgyoe.com

mgyoe.com SAMPLE BOOK

# ကျွန်တော့်အညာ၊ ကျွန်တော့်စာ၊ ကျွန်တော့်အမှာ

ကျေးတောသူ. . .

ဤစာအုပ်လေးထဲတွင် ဖွဲ့နွဲ့သီကုံးထားသည့် အကြောင်းအရာများ၊ အဖြစ်အပျက်များသည် ကျွန်တော်ငယ်စဉ် ကလေးဘဝကတည်းကပင် ကျွန်တော့်ရင်ထဲ၌ စွဲလမ်းကုပ်တွယ်နေခဲ့သည့် အဖြစ်အပျက်များ ဖြစ်ပါသည်။

ကျွန်တော့်ငယ်ဘဝသည် အဒေါ်များ၏ ပြုစုစောင့်ရှောက်မှုအောက်တွင် ကြီးပြင်းခဲ့ရသည့်အတွက် အဒေါ်တို့၏ ဆိုဆုံးမစကား၊ အဒေါ်တို့၏ ထွေးပွေ့ချော့မြူသံ၊ အဒေါ်တို့၏ အိပ်ရာဝင်ပုံပြင်များနှင့် များစွာ ရင်းနှီးကျွမ်းဝင်ခဲ့ရပါသည်။ အဒေါ်များက အဝတ်အစားဆင်ပေးသည်။ အဒေါ်များက ကျွေးမွေးပြုစုခဲ့သည်။ အဒေါ်များက ဆိုဆုံးမခဲ့သည်။ ဘာသာရေးနှင့် နှီးနွှယ်သည့် အဆုံးအမများ ဘုရားရှိခိုးများ ဇာတ်နိပါတ်များကိုလည်း အဒေါ်တွေကသာ ကျွန်တော့်ကို သင်ကြားပြောပြပေးခဲ့ကြပါ၏။ ထို့အပြင် လယ်အကြောင်း ယာအကြောင်း၊ ရွာအကြောင်း ရပ်အကြောင်း၊ ရှေးဟောင်းနှောင်းဖြစ်များကိုလည်း ညစဉ်ညတိုင်း အိပ်ရာဝင်ပုံပြင်များသဖွယ် နားဆင်ခဲ့ရသည်။

ထိုအဖြစ်အပျက်များထဲတွင် ယခုကျေးတောသူကို ဖြစ်လာစေသည့် အကြောင်းအရာများလည်း ပါဝင်ခဲ့ပါသည်။ သမခေတ်အကြောင်း၊ ပုံတောင်ပုံညာဘက်တွင် ဖောက်လုပ်သည့် ရထားလမ်းအကြောင်း၊ ရွာ့ဘုရားပွဲနှင့် အရပ်ပြဇာတ်

mgyoe.com

mgyoe.com SAMPLE BOOK

များအကြောင်း၊ အသုံးလုံး စာသင်ဝိုင်းအကြောင်း၊ စဘေဆည်ကြီး ပေါက်ခဲ့ရာမှ ထန်းသမားမိသားစု၏ သားငယ်လေး အသက်ဆုံးရှုံးခဲ့ရသည့်အကြောင်း၊ လပြည့်ညများတွင် ရွာ့အရှေ့ဘက် သဲချောင်းရိုးထဲ၌ မီးရောင်တထိန်ထိန် စကားတပြောပြော လှည်းဝင်ရိုးသံတကျွိကျွိဖြင့် ဖြတ်သန်းသွားလာတတ်ကြသည့် ကျတ်တစ္ဆေများအကြောင်း၊ ရွာ့အနောက်ဘက် စီကောင်းတောင်ခြေတွင်ရှိသော လယ်ရိုးယာခင်းများဆီမှ ပါလာတတ်သည့် လယ်ရိုးသရဲအကြောင်း စသည့် အကြောင်းအရာပေါင်းစုံကို မရိုးနိုင်အောင် ကြားခဲ့ နာခဲ့ နားရည်ဝခဲ့ရပါသည်။

စီကောင်းတောင်ပေါ်မှ စက်စက်ကျ၊ ငန်းစိမ်၊ နတ်ထူးချောင်စသည့် ပုဂ္ဂိုလ်ထူးများ ပျော်စံရာ နေရာများအကြောင်းတို့ကိုလည်း ကြားသိခဲ့ရသည်။ "နွယ်ချိုတောင်ထိပ် ဂဠုန်အိပ်၊ အိပ်သည့်ဂဠုန် ဖော်မစုံ၊ ဂဠုန်အဖော် ဆင်ဖြူတော်" ဆိုသည့် ကျွန်တော်တို့ အဓိပ္ပာယ်မဖော်နိုင်သော ဆိုစကားများဖြင့် နွယ်ချိုတောင်၏ ထူးခြားမှုများ၊ "ပေကိုးပင်၊ ဆင်ကိုးစီး၊ လိပ်ကိုးလုံး" ဟု နာမည်ကြီးသော ပေပင်ချောင်၏ ဂမ္ဘီရဆန်ဆန် လျှို့ဝှက်ဆန်းကြယ်မှုများ၊ "မယ်အေးသာရီတို့များ ထန်းလက်ခြောက်ကို ဒယ်အိုးကင်းထဲ ထည့်ကြော်သာနဲ့ ငါးခြောက်တွေ ဖြစ်သွားသာတော့။ လကွယ်ညများဆို ရွာ့အရှေ့ဘက်က မန်ကျည်းပင်အုပ်ကြီးအောက်မှာ သည်နယ်တကြောမှာရှိတဲ့ စုန်းကဝေတွေနဲ့ ပညာပြိုင်ပြီး ပညာနှုတ် ဆုံးမတတ်သေးရဲ့" ဆိုသည့် အိပ်ရာဝင်စကားသံများသည် ကျွန်တော့်အဖို့ တမက်တမောနားထောင်ခဲ့ရသည့် တစ်ထောင့်တစ်ညပုံပြင်များ ဖြစ်ခဲ့ရပါသည်။

ယခု သည်စာအုပ်သည်လည်း ထိုဖြစ်ရပ်များပေါ်တွင် အခြေခံ၍ ရေးသားထားခြင်းဖြစ်ပြီး ပါဝင်သည့် ဇာတ်ကောင်များ၏ အမည်နာမများ လွှဲထားသည်ကလွဲ၍ ရှေးခေတ် စဘေသူ စဘေသားကြီးများ၏ ဖြစ်ရပ်မှန် ဘဝဇာတ်ကြောင်းများသာ ဖြစ်ပါ၏။ သည်စာအုပ်ထဲတွင် ကျေးလက်နေ ကျောမွဲလူတန်းစားတို့၏ လှုပ်ရှားမှု၊ ရုန်းကန်မှုတို့ကို တွေ့မြင်ရမည်ဖြစ်သလို ခေတ်တစ်ခေတ်၏ ကျေးလက်ဟန် ကျေးလက်အသံတို့ကိုလည်း အထိုက်အလျောက် ကြားရပါလိမ့်မည်။

စနစ်ဆိုး ခေတ်ဆိုးအောက်မှ ပြည်သူတို့၏ ဘဝများသည် မည်ရွေ့မည်မျှ ကသီလင်တ နိုင်ခဲ့ကြမည်ကိုလည်း သည်စာအုပ်ကလေးထဲတွင် အနည်းအကျဉ်းမျှ ထိတွေ့ခံစားနိုင်မည် ဖြစ်သကဲ့သို့၊ စနစ်ဆိုး တစ်ခုအောက်တွင် ရှင်သန်ရုန်းကန်ကြရသော လူထု၏ဘဝသည် အတောင်ချိုးခံထားရသည့် ငှက်ငယ်များသဖွယ်ရှိကြရပုံ၊ ခေတ်စနစ် မကောင်းခြင်း၏ အကျိုးဆက်များအနေဖြင့် ကျေးလက်တောရွာ

mgyoe.com

mgyoe.com
SAMPLE BOOK

များကအစ လုံခြုံမှုမရှိ အေးချမ်းမှု မရှိကြရပုံတို့ကိုလည်း ဖတ်ရှုခံစားကြရပါလိမ့်မည်။

ထို့အပြင် ရပ်ဓလေ့ ရွာဓလေ့နှင့်တွဲဖက်၍ စိတ်သဘောထား ရိုးစင်းလှသည့်၊ အပြောအဆို ပွင့်လင်းလှသည့်၊ သံယောဇဉ်ကြီးတတ်ကြသည့်၊ မေတ္တာတရား ကြီးမားကြသည့် အညာသူအညာသားကြီးများ အကြောင်းတို့ကိုလည်း သက်ဝင် ခံစားကြရမည်သာ။ ဆွေသံယောဇဉ် မျိုးသံယောဇဉ်တို့ကိုလည်း တွေ့နိုင်၏။ ရပ်သံယောဇဉ် ရွာသံယောဇဉ်တို့ကိုလည်း မြင်နိုင်ပါ၏။

ဤစာအုပ်ကလေးကို ဖတ်ရှုလိုက်ခြင်းဖြင့် ငါးရာနှစ်ဆယ့်ရှစ်သွယ်သော မေတ္တာကြိုးများဖြင့် ယှက်ထိုးဖွဲ့သီထားသည့် မေတ္တာခြုံလွှာလေးများကို လွှားခြုံနိုင်မည့်အပြင် တစ်ထောင့်ငါးရာတည်းဟူသော သမုဒယပိုးကြိုးတို့ဖြင့် ရက်ထွင်ဖန်တီးထားသည့် သမုဒယဝတ်ရုံလေးကိုလည်း ဆင်မြန်းနိုင်မည်ဟုလည်း မျှော်လင့်မိပါသည်။

ကျွန်တော် သည်စာအုပ်လေးကိုရေးရင်း "ဘယ်လိုအဆုံးသတ်ရမလဲ" ဟု အကြိမ်ကြိမ် စဉ်းစားကြည့်ခဲ့သည်။ ရှေ့တွင်ထွက်ခဲ့သည့် လုံးချင်းဝတ္ထု နှစ်အုပ်တွင်လည်း အဓိကဇာတ်ကောင်တို့သည် အကြောင်းအမျိုးမျိုးဖြင့် လူ့လောကကို လက်ပြနှုတ်ဆက်သွားခဲ့ကြသည်။ ယခုစာအုပ်တွင်လည်း သည်လိုအဆုံးသတ်ခဲ့မည်ဆိုလျှင် "မျက်ရည်ချူရာများ ကျလေမလား၊ ဇာတ်မနာ နာအောင် ဖန်တီးသလိုများ ဖြစ်နေမလား" ဟု အဖန်ဖန် သုံးသပ်ကြည့်ခဲ့သည်။

သို့သော် "သည်အဖြစ်အပျက်တွေက ငါ့စိတ်ကူးစိတ်သန်းတွေနဲ့ ဖန်တီးရေးဖွဲ့တဲ့ ဇာတ်လမ်းဇာတ်အိမ်တွေမှ မဟုတ်ဘဲ။ တကယ်ဖြစ်ခဲ့တဲ့ ဘဝသရုပ်တွေကို အသက်သွင်း ပုံဖော်တာပဲ။ အရှိအတိုင်း မရေးခဲ့မိရင် နောင်တရစရာများ ဖြစ်လေမလား" ဟုလည်း ကိုယ့်ကိုယ်ကိုယ် ပြန်မေးခဲ့မိသည်။

"မချော်ဆိုတဲ့ အပျိုကြီးပေါ့။ သမဆိုင်ထဲ ဆန်သွားထုတ်ရင်း လူအများရှေ့ ထဘီကျွတ်ကျတာ။ သူ့ခမျာ အပျိုကြီးပီပီ ရှက်လွန်းလှတော့ နောက်ဆုံး ရေတွင်းပျက်ထဲ ခုန်ချပြီး သူ့ကိုယ်သူ သတ်သေသွားခဲ့တာတော့"

ကျွန်တော့်အဒေါ်များ၊ ကျွန်တော့်ရွာမှ ရှေ့မီနောက်မီ လူကြီးများ၏ ပြောသံများကို ပြန်ကြားယောင်မိပြန်တော့လည်း ဇာတ်၏အဆုံးသတ်ကို ပြင်ဖို့ ဝန်လေးခဲ့ရပြန်ပါသည်။ သို့နှင့် မျက်ရည်ချူရာ ကျချင်လည်း ကျစေတော့၊ တကယ့်ဖြစ်ရပ်အတိုင်းပဲ ဖြစ်ရစေမယ်လို့ စိတ်ဆုံးဖြတ်ပြီး သည်ဝတ္ထုလေးကို အဆုံးသတ်

mgyoe.com

mgyoe.com SAMPLE BOOK
ရေးသားခဲ့ပါသည်။

ဆိုရလျှင် ဤစာအုပ်သည် အညာအကြောင်း ရွာအကြောင်း ဖြစ်ပါသည်။ အညာဓလေ့ ရွာဓလေ့ ဖြစ်ပါသည်။ ဤစာအုပ်ကို ဖတ်ရှုလိုက်ခြင်းအားဖြင့် ရွှေခေတ်စဘောရွာကို အလည်တစ်ခေါက် ရောက်ကြရမည်။ ရွှေခေတ် စဘောသူ စဘောသားကြီးများကို တစ်ကြိမ်တစ်ခဏ ရင်းနှီးကျွမ်းဝင်ကြရပါလိမ့်မည်။ ဤစာအုပ်ကလေးကို "ကျေးတောသူ" ဟု အမည်ပေးထားရခြင်းသည်ကား ကျေးလက်နေ မိန်းမပျိုကလေး တစ်ဦးတစ်ယောက်ကိုသာ ရည်ရွယ်လိုသည် မဟုတ်ပါ။ ရွှေခေတ် ကျေးလက်၏ ကျေးတောသူ ကျေးတောသားများ အားလုံးကို ရည်ညွှန်းပုံဖော်လိုခြင်းသာ ဖြစ်ပါသည်။ အညာတွင် ကိုရေမှုတ်များစွာ ရှိခဲ့သည်။ မယ်စန်းယုံများစွာ ရှိခဲ့သည်။ မပိုးစာများစွာ ရှိခဲ့သည်။ သိက္ခာတရားကို အလေးထားသော၊ အရှက်အကြောက်ကို တန်ဖိုးထားသော မဇီးပုများစွာလည်း ရှိကောင်းရှိပေလိမ့်မည်။

ထိုသူတို့၏ သရုပ်သကန်၊ ဘဝဇာတ်ကြောင်း၊ လှုပ်ရှားမှု၊ ရုန်းကန်မှုတို့ကို ကျွန်တော်စွမ်းသမျှလေး ခြယ်သပုံဖော်ထားခြင်း ဖြစ်ပါလေသည်။ ဤဝတ္ထုနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ဘဝင်မကျစရာများ ရှိခဲ့လျှင်လည်း ကျွန်တော့်၏ လိုအပ်မှု၊ ရေးသားမှုအတတ်ပညာ မပြည့်ဝခြင်းတို့ကြောင့်သာ ဖြစ်ကြောင်း ဝန်ခံတောင်းပန်လိုပါတယ် ခင်ဗျာ။

ရေးသားခဲ့သည့် ပကတိစိတ်ကတော့ အညာကိုချစ်စိတ်၊ ရွာကိုချစ်စိတ်၊ ဆွေရင်းမျိုးရင်းကို တွယ်တာစိတ်၊ ရွာဆွေရပ်မျိုးတို့အပေါ် မြတ်နိုးစိတ်တို့ကို အရင်းခံ၍ ရေးသားခဲ့ခြင်းသာ ဖြစ်ပါသည်။ ကျွန်တော် အညာကို အလွန်ချစ်ပါသည်။ အညာသူအညာသားများကိုလည်း အလွန်ချစ်ပါသည်။ ကျွန်တော်ချစ်သော အညာနှင့် အညာသူအညာသားများသည် ရိုးပါသည်၊ ယဉ်ပါသည်၊ ချစ်စရာကောင်းလှပါသည်။

ထို့အတူ. . . အညာသည်
သနားစရာလည်း ကောင်းလှပြန်ပါ၏။

လင်းရောင်နီ၊စဘော၊

♦♦♦

mgyoe.com

mgyoe.com
SAMPLE BOOK

# (၁)

တစ်ရွာလုံး ရုတ်ရုတ်သဲသဲ ရှိကြချေ၏။ တံလျှပ်ရိပ်ပြေးနေသည့် သဲဖြူဖွေးဖွေးရွာလမ်းမကြီးပေါ်တွင် ရွာသူရွာသားများ ခြေချင်းလိမ်နေကြသည်။ သူ့နာမည်အော် ကိုယ့်နာမည်ခေါ်ကာ တကြော်ကြော် တဟေးဟေး ဟစ်ကြွေးသံဆူပြုကြရင်း ထဘီခါးစောင်း တင်သူကတင်၊ ပုဆိုး ခါးတောင်းကျိုက်သူကကျိုက်ဖြင့် ခြေလှမ်းများကို မြန်နိုင်သမျှမြန်အောင် မောင်းတင်ကြလျက်သား။ အပြေးတစ်ပိုင်းစိုင်းပြင်းနေကြသည့် ခြေလှမ်းများ၏နောက်တွင်မူ သဲပွမြေမှုန်များက တလွင့်လွင့်။ ဖုန်မှုန်ဖုန်လုံးများက တလူလူ။ ကျွက်ကျွက်ဆူစပြုလာသည့် ဒေါင်းဖန်ဝါ ရောင်ခြည်စက်အောက်ဝယ် စဘေရွာ တစ်ရွာလုံး လူသံတဆူဆူ၊ ခွေးသံတအူအူ၊ ကလေးသံတပူပူ ရှိကြချေတော့သည်။

ထိုရုတ်ရုတ်သဲသဲ လူအုပ်ထဲတွင် မပိုးစာလည်း ပါသည်။ မပိုးစာသည် ဒွေးလေးကြာနု၏ ရက်ကန်းစင်ကျ ချည်တဘက်ဟောင်းလေးကို ခေါင်းပေါ်ဝယ် ကပိုကရို မလုံ့တလုံ လွှားတင်ထား၏။ ဘယ်ဘက် ချိုင်းကြားဝယ် ညစ်ထေးထေး ဆာလာအိတ်ဟောင်း တစ်လုံးကို ခပ်တင်းတင်း ညှပ်ထားပြီး၊ ညာဘက်လက်တွင်းဝယ် ထန်းခေါက်ခြင်းကြားကြီးကို ဆွဲကိုင်ထားသေးသည်။ ခြေသလုံးသား တစ်ဝက်ထိအောင် တိုတိုနှောင့်နှောင့် ဝတ်ဆင်ထားသည့် မပိုးစာ၏ တစ်ပတ်နွမ်း ချည်ညိုဖျင်ထဘီ အနား စသည် မပိုးစာခြေတစ်လှမ်း လှမ်းလိုက်တိုင်း တဖျတ်ဖျတ်ခတ်ကာ

mgyoe.com

mgyoe.com SAMPLE BOOK
တလူလူ လွင့်နေ၏။ ဖျင်ထဘီအညိုကား ပေါင်းနွမ်းရုံမက ဆွေးမြေ့သည့်ဘက်သို့ ပင်လုနေပြီ။ ဖောက်ထားသည့် ပွင့်ဖောက်ချည်များမှာ ခပ်ရေးရေး ခပ်မှိန်မှိန်။ အောက်ခံချည် အညိုရောင်မှာကား မှိန်တိန်တိန် ဖျော့တော့တော့။ အညိုသွေးပြယ်၍ ဖြူရော်ရော်အဆင်းက ခြယ်လှယ်နေပြီ။ သို့ရကား။ သူမ၏ ဖျင်ချည်လွှာ နှစ်ရောင်စပ်၊ မှောင်ညစ်သည့် ဝတ်လဲတော်မှာမူ ညိုမောင်းခြောက်သွေ့သည့် သူမ၏အသားအရေနှင့် ပလဲနံပ လိုက်ဖက်လှချေ၏။

မပိုးစာ၏ အဆင်တန်ဆာတို့သည် အားပျော့ မှေးမှိန်စေကာမူ မပိုးစာ၏ လှုပ်ရှားမှုတို့သည်ကား လေးဆယ်ကျော်ပှာသည့် အရွယ်နှင့် မလိုက်ဖက်စွာပင် သွက်လက်ဆဲ။ ဖျတ်လတ်ဆဲ။ မာန်ပါဆဲပင်။ ခြေလှမ်းများသည်ကား ဘီးတပ်ထားသည့်နှယ်။ မြန်ဆန်လွန်းလှပေသည်။ လူပုံနုပ်နုပ်ဆိုသော်ငြား မိုးတွင်း အစာစုသည့် ပုရွက်မည်းလေးတစ်ကောင်နှယ် တလွှားလွှား တလှုပ်လှုပ်။ နှုတ်ကလည်း တိုင်းသားမနေပေ။ ရွာလယ်လမ်းမကြီးအတိုင်း သုတ်ခြေတင်ရင်း၊ နှုတ်ခွန်ခြင်းအမှုကိုလည်း ပြုလိုက်သေး၏။

"ဟဲ့ ပဲညာတို့၊ ဇီးပုတို့။ ကောင်မတွေ ခုထိ မထွက်ကြသေးဘူးလားအေ့။ ရှင်ဘုရင်တစ်ခါထွက် ပဲကြီးတစ်လှေချက်ဆိုသဲ့ မိန်းမတွေ။ သည်လို ဝါယမမျိုးနဲ့ တော့ဖြင့် သူတကာ့ အဦးအဖျားကို အားကြီး ရပါလိမ့်မယ်တော်။ ညည်းတို့က အဖျားအနား ရွေးကြွင်းရွေးကျန်တွေနဲ့ပဲ တန်သဲ့မိန်းမတွေ။ သူများတွေရလာတဲ့ ဆီဦးထောပတ်ကိုမြင်မှ ကိုယ့်လက်ထဲက ငပိချဉ်ကိုကိုင်ပြီး ငိုင်ကြမှိုင်ကြ ကြေး တိုက်ကြဦးမှာ မြင်ယောင်သေး"

မပိုးစာက ပဲညာနှင့်ဇီးပုကိုလည်း ဆော်ဩရင်း ဆူပူလိုက်သေးသည်။ ခြေလှမ်းများကလည်း အရှိန်ကျမသွားပေ။ သူတကာတို့နည်းတူ ရွာ့မြောက်ဘက် အလယ်ကျင်းကွင်းထဲရှိ သမဆိုင်သို့ ဦးတည် ဆိုင်းပြင်းမြဲပင်။ ဟုတ်ပေသည်။ မပိုးစာ အပါအဝင် ရွာသူရွာသားအပေါင်းတို့သည် သမထုတ်ရန်အတွက် သမဝါယမဆိုင်သို့ သူ့ထက်ငါ အပြေးအလွှား သွားနေကြခြင်းပင်ဖြစ်သည်။ သမမှတ်တမ်းစာအုပ်လေးကို ကိုယ်စီကိုယ်စီ ကိုင်ဆောင်ကြရင်း၊ ထည့်စရာ ခြင်းတောင်းများ ဆာလာအိတ်များ၊ စားဆီပုလင်း၊ ရေနံဆီပုလင်း စသည်ဖြင့် လိုရာလိုရာ ဆွဲယူကြရင်း ဖိနပ်ပါးခြေတို ကပိုကရို သွားကြရခြင်းသာဖြစ်၏။

မပိုးစာ ရွာ့မြောက်ဘက် သမကွေ့နား အရောက်တွင် နောက်ဘက်ဆီမှ ဇီးပုအသံစာစာကို ကြားလိုက်ရသည်။ ဇီးပုသည် မပိုးစာကို အော်ခေါ်ကာ
mgyoe.com

mgyoe.com SAMPLE BOOK

စောင့်ခိုင်းနေခြင်း ဖြစ်၏။ မပိုးစာ မစောင့်နိုင်ပါ။ သမဆိုင်ကို သူတကာထက် နောက်ကျရောက်၍ မဖြစ်။ ဟိုရောက်လျှင် သမစာအုပ် ထပ်ရဦးမည်။ ကိုယ်ကဦးမှ ကိုယ့်စာအုပ် အရင်ထပ်ရသည်။ အရင်ထပ်မှ ကောင်းနိုးရာရာလေးတွေကို ရပေမည်။ နောက်ကျသော် ကြက်စာကောက် ကျီးစာကောက် အကြွင်းအကျန်များကိုသာ ရမည်မဟုတ်လား။ ထို့ကြောင့် ဇီးပုကို အမီလိုက်ခဲ့ရန်သာ သံဝါဟစ်ကြွေးခဲ့ရသည်။

"မိန်းမများနှယ်။ အရာရာမှာ လူတကာ့နောက်။ လူတကာ့အောက်။ ဘယ်၍ဘယ်ခါကမှ ဝါယမစိုက်ကြတဲ့ဟာတွေ မဟုတ်ဘူး။ လုပ်လိုက်ကြရင် ဖုတ်ပူမီးတိုက်ချည်း"

မပိုးစာ မကျေမချမ်း ရေရွတ်လိုက်သည်။ ဟုတ်လည်း ဟုတ်ပေသည်။ မပိုးစာက အရာရာတွင် အဆောတလျင်ရှိသလောက်၊ ပဲညှာတို့ ဇီးပုတို့ကမူ အင်မတန်မှ ကျောကပ်ဖျာကပ် လုပ်ချင်ကြသည်။ နှောင့်နှောင့်နှေးနှေး လေးလေးဖင့်ဖင့်ရှိကြသည်။ ထို့ကြောင့်လည်း သင်းတို့သည် မည်သည့်အခါမျှ ပစ္စည်းကောင်း မရကြ။ သင်းတို့နှင့်စာလျှင် မပိုးစာက ကောင်းရာမွန်ရာလေးတွေ ရတတ်သည်။ ပို၍ အခွင့်အရေးရသည်က မပိုးစာ၏ အိမ်ဦးနတ် ကိုရွှေဘော်သည် သမစာရေး ဖြစ်နေခြင်းကြောင့်ပင်။

သမစာရေးကတော် ဖြစ်သည့်အတွက် စာအုပ်ထပ် နောက်ကျစေဦး ပစ္စည်းကောင်းလေးများ ရသည်သာ။ ပဲညှာနှင့် ဇီးပုကလည်း ဒါကို သိ၏။ ထို့ကြောင့်လည်း သင်းတို့သည် မပိုးစာကို "ဘူးပင်ဖို့ စင်တယ်(တည်)၊ ပဲနွယ်က တတန်းတန်း" ဆိုတာမျိုး လုပ်ကြခြင်းဖြစ်သည်။ မပိုးစာ မသိ၍မဟုတ်။ သိသည်။ သို့သော် မပိုးစာ ကိုယ်တိုင်က စာရေးကတော်ရယ်လို့ အခွင့်ထူး မခံသကဲ့သို့၊ ကိုယ်နှင့် သင့်ရာမြတ်ရာရယ်လို့လည်း အခွင့်အရေးပေးတတ်သူ မဟုတ်ပေ။ မိမိကိုယ်တိုင်ပင် သူများနည်းတူ စာအုပ်ထပ်သည်။ နေရာ ဦးသည်။ စာရေးကတော်မို့ ပစ္စည်းကောင်းရသည် ဆိုတာထက်၊ ဝီရိယ စိုက်ထုတ်၍ အကောင်းစံရသည် ဆိုတာမျိုးကိုသာ မပိုးစာ လိုလားသည်။ ထို့ကြောင့်လည်း တစ်လတွင် နှစ်ကြိမ် သုံးကြိမ် ပေးဝေလေ့ရှိသည့် သမပတ်တိုင်း မပိုးစာက ဝီရိယထားခြင်းဖြစ်လေသည်။

သမဝင်းထဲသို့ အရောက်တွင် မပိုးစာက စာအုပ်ထပ်သည့်စားပွဲဆီသို့ ခပ်သော့သော့လေး ပြေးထပ်လိုက်၏။ ဤမျှ ဝီရိယထားပါလျက်ပင် မပိုးစာရှေ့တွင် စာအုပ်လေးငါးအုပ်ခန့် ရှိနှင့်နေပြီဖြစ်သည်။ မပိုးစာ မျက်လုံးဝဲကြည့်လိုက်ရာ သမအဆောက်အဦးထောင့်တွင် စုကာဖွဲ့ကာထိုင်နေသည့် မိဒေါင်းလှ၊ မတင်ရီ၊

mgyoe.com

mgyoe.com SAMPLE BOOK
မယ်စန်းယုံတို့ကို တွေ့လိုက်ရသည်။ စာအုပ်ထပ်အပြီးတွင် သူတို့ရှိရာသို့ မပိုးစာ လျှောက်သွားလိုက်သည်။

"သည်တစ်ပတ်တော့ မပိုးစာကြီး နောက်ကျသားတော့်။ အရင်အပတ်တွေ တိုင်း မပိုးစာက အစောဆုံးရောက်နေတတ်တော့ ကျုပ်တို့တောင် လိုက်ရှာနေသေး သာရယ်"

"ဘာဟုတ်ရမတုံးအေ။ သည်ကနေ့က ဆွမ်းလှည့်နဲ့ကြုံတော့ ချက်ပြုတ်နေ ရသာအေ့။ တစ်ပတ်မှ အရှဏ်ဆွမ်းကလေး တစ်နပ်ပဲ လောင်းခွင့်လှူခွင့်ရတော့ ဆွမ်းနပ်ဖြင့် အပျက်မခံနိုင်ပေါင်အေ။ သမီးများက ချက်မယ်ပြုတ်မယ် ဆိုတော့ လည်း ငါက အားရသာ မဟုတ်ဘူး။ ကိုယ့်ခြေကိုယ့်လက်မှ စိတ်တိုင်းကျသာရယ်။ သည်တော့လည်း နောက်ကျကာမှ နောက်ကျရော ချက်ပြုတ် ခူးခပ်ပြီးမှ ထွက်လာ ရတော့သာပဲ"

မပိုးစာက မိဒေါင်းလှရဲ့အမေးကို ခပ်ညည်းညည်းလေး ဖြေလိုက်ရင်း ကျောက်စရစ် ထူထဲလှသည့် သမမြေပေါ်သို့ ပုံပုံပယ်ပယ် ထိုင်ချလိုက်သည်။ ကျောက်စရစ်ခဲ အချွန်အတက်များနှင့် မပိုးစာ၏ အသားစိုင်တို့ ထိတွေ့မိချိန်ဝယ် စူးခနဲမျက်ခနဲ နာသွား၏။ ကျောက်စူးကျောက်ချွန် အမှုန်အမွှားတို့သည် အသားထဲ သို့ ထိုးဖောက်မဝင်ရုံတစ်မယ် စူးကြကုန်၏။

"အောင်မလေး ရှင်ပိုးစာရယ်။ ညည်းအဖို့ နောက်ကျလည်း အရေးမဟုတ် ပေါင်အေ။ သမထဲမှာ ရွှေဘော်ကြီးတစ်ယောက်လုံး ကမကထ မတ်မတ်တည်တည် ရှိနေသဲ့ဥစ္စာ။ 'အချိန်တန်၊ မိကံ လင်ကောင်းရ' ဆိုသလိုပါပဲ။ ဘယ်အချိန်မှ ရောက် ရောက် ဘယ်နေရာပဲရရ ကတော်မှန်တော့ ပွဲခံရသာပဲမှုတ်လား"

မယ်စန်းယုံ စကားကြောင့် မပိုးစာစိတ်ထဲ ဒေါသလှိုင်းတံပိုးက ပြိုင်းခနဲ ကြွ၊ ရိုင်းခနဲ ထလာသည်။ ချေပလိုက်မဟဲ့ရယ်လို့ မယ်စန်းယုံကို စူးနေအောင် ကြည့်လိုက်၏။ သည်မိန်းမက အလွန်တရာမှ ခနိုးခနဲ့ ဆိုကဲ့ရဲ့ချင်သည့် မိန်းမ။ ပိုးစာတို့ကလည်း ပဲရည်မှန် ကန်လိုက်ရမှ၊ ဒါမျိုးတော့ ငြိမ်ခံရရိုးလား။

"မယ်စန်းယုံရဲ့။ ပိုးစာ အခွင့်ထူးခံသယ်လို့ ဘယ်တုန်းကများ ကြားဖူးခဲ့ သတုံး။ အခွင့်ထူး ခံရအောင်လည်း သမစာရေးက ရှင်ဘုရင် မဟုတ်သလို၊ စာရေး ကတော်ကကော မိဖုရားခေါင်မို့လား။ တော် စကားပြောလိုက်ရင် အနှောင့်မလွတ် အသွားမလွတ်ချည်းပဲ။ ပိုးစာတို့ အခွင့်ထူး ခံ,မခံ သိချင်ရင် ပိုးစာရဲ့ အရောင် အသွေးကိုသာ ကြည့်ပေ့ါ။ သူတကာ့ အဆီအဖူးခူးပြီး စားသောက်နေထိုင်တဲ့မိန်းမက

mgyoe.com

mgyoe.com SAMPLE BOOK

သည်လို မှိန်မှိန်ကုပ်ကုပ် နေလိမ့်မတဲ့လား။ ရှင်ဘုရင့်ပုဆိုးမို့ ပိုးချည်းမမှတ်လေနဲ့။ ပိုးစာတို့က 'ပွဲတော်လည်း မဘုန်း၊ ဆံထုံးလည်း ဆီမစို' တဲ့ စာရေးကတော် တော်ရဲ့။ ပိုးစာသာ လင်စာရေးမို့ အရေးယူချင်ရင်၊ ဦးရေ ပါးမတတ် ထညက်တောင်း ခေါင်း ရွက်ပြီး ခြေတိုအောင် လည်ရောင်းမနေဘူး။ လင့်စည်းစိမ်စံပြီး အဆီဖိန်းလို့ မှိန်းနေ တော့မှာပေါ့"

မပိုးစာ မယ်စန်းယုံကိုကြည့်ပြီး ပစ်ပစ်ခါခါ ပြောချလိုက်သည်။ မယ်စန်းယုံ ကမူ တုတ်တုတ်မျှပင် မလှုပ်။ သူ့ကို ပြောဆိုနေတာ မဟုတ်သည့်အလား။ ဆေးပေါ့ လိပ်ကြီးကို အငွေ့ချောင်းထအောင် ဖွာရှိုက်ရင်း သမဆိုင်အတွင်းမှ ရွာလူကြီး ဖိုးပန်းဦး၊ သမစာရေးများဖြစ်ကြသည့် ကိုရွှေဘော်၊ ကိုချစ်ခင်၊ ကိုပန်းကုံးတို့၏ လှုပ်ရှားမှုများကို တွေတွေငေးငေးကြီး ကြည့်နေလေ၏။ မပိုးစာကိုဖြင့် ဖုတ်သည့်ငပိ ရှိလေသည်ဟုပင် အောက်မေ့ဟန်မတူ။ မပိုးစာမှာသာ တစ်ကိုယ်တည်း စေတသိတ် မကျွိုင်ဝယ် ဒေါသတံခွန် လွှင့်ထူနေမိသည်။

သမဆိုင်ဝင်း၏ ဝင်ပေါက်ဘေးမှ ကုက္ကိုပင်အောက်ဝယ် ဇီးပု လာနေ သည်ကို မပိုးစာမြင်လိုက်သဖြင့် မိဒေါင်းလှတို့ မယ်စန်းယုံတို့အနားမှ ခွာကာ၊ ဇီးပုရှိရာ ကုက္ကိုပင်ဆီသို့ ထွက်လာခဲ့သည်။ သည်အနားတွင် မနေလိုတော့ပြီ။ ဆက်နေလျှင်လည်း မယ်စန်းယုံနှင့် နပမ်းလုံးရန်သာ ရှိတော့သည်။ အချိုးမပြေ လိုက်သည့် မိန်းမ။

မပိုးစာ စူကာအောင့်ကာ ထွက်သွားတော့ မိဒေါင်းလှမှာ ဒွေးစန်းယုံကို လက်သိပ်ထိုးလို့ အပြစ်ဆိုမိချေတော့သည်။ မိဒေါင်းလှဖြင့် ဒွေးစန်းယုံစကားကြောင့် မပိုးစာကို လွန်စွာမှ အားနာ မျက်နှာပူမိသည်။ မပိုးစာသည် အရိုးအဖြောင့်ကြီး ဖြစ်ကြောင်းကိုလည်း မိဒေါင်းလှအသိဆုံး မဟုတ်လား။ မပိုးစာသည် မိဒေါင်းလှ တို့ဆီမှ ထန်းလျက်များကို ဖောက်သည်ယူကာ အိုင်ကြီး၊ ပေါက်တော၊ ကံကြီးစု၊ ကျွန်းချောင်း၊ မြို့စိုး၊ အရာတော်၊ လက်ပံချောင်း၊ တန့်ကြည့်မှစကာ ငွေသောင်၊ ချမ်းသာကြီး၊ ဆယ်လံ၊ ကျွန်းသီရိ စသည့် တောင်ဘက်နယ်များသို့ ထန်းလျက်ရောင်း ထွက်ရသူဖြစ်၏။ မပိုးစာ ပြောသလိုပင်။ မပိုးစာသာ သမစာရေးကတော်ရယ်လို့ ဘုံစံ ဖျံကျချင်လျှင်ဖြင့် ထန်းလျက်ရောင်းနေဖို့ပင် မလိုပေ။ မပိုးစာယောကျ်ား ကိုရွှေဘော်သည် သမနှင့်ပတ်သက်၍ လုပ်စားချင်လျှင် လုပ်ကွက်များစွာရှိသည်သာ။ ရပေါက် ရလမ်းချည်း။ သို့သော် ကိုရွှေဘော်တို့ မပိုးစာတို့သည် မသိခိုး မမြင်ခိုး မလုပ်ကြပါ။ ဤသည်ကိုဖြင့် မိဒေါင်းလှ အပ်ကျမတ်ကျ သိသည်။ ထို့ကြောင့်လည်း

mgyoe.com

mgyoe.com SAMPLE BOOK
ဒွေးစန်းယုံကို အပြစ်ဆိုမိခြင်း ဖြစ်သည်။

"ဒွေးစန်းယုံကလည်း ဒွေးစန်းယုံပါပဲတော်။ မပိုးစာကို ပြောလိုက်ပုံက ဘယ်လောက်အားနာဖို့ ကောင်းသတုံး။ မပိုးစာတို့ အစင်းအဖြောင့်ဆိုတာ ဒွေးစန်းယုံလည်း အသိဟာကို။ သင်းခမျာ ကျုပ်တို့ထန်းတောက ထညက်ယူပြီး ရောင်းနေရရှာသာလည်း တစ်ရွာလုံးအသိပဲမှတ်လား"

မယ်စန်းယုံ၏ မျက်စောင်းက မိဒေါင်းလှထံ ဒိုင်းခနဲထိုးချလိုက်သည်။ "မိန်းမရဲ့။ ညည်းက သာလောက်ပဲသိသာကိုးအေ့" ဆိုသည့် အကြည့်မျိုး။ လက်ကြား ညှပ်ထားသည့် ပြောင်းဖူးဖက် ဆေးပေါ့လိပ်ကြီးကိုလည်း ညှပ်ထားသည့် လက်ညှိုး ဖြင့်ပင် တတောက်တောက် ခါချကာ ပြာခွေလိုက်သေး၏။

"ဟဲ့ကောင်မ ရှင်ဒေါင်းလှရဲ့။ စန်းယုံတို့က သိလိုက်သမှအေ။ ဒါမျိုး များတော့ နဝင်းကျအင်းကျကို သိသာတော်ရဲ့။ စန်းယုံတို့အဖို့ ရပ်အုပ်ချုပ် ရွာအုပ် ချုပ်သူတွေ၊ သမစီး သမကိုင်တွေ ကြုံဖူးလှပေါ့။ စန်းယုံတို့ကသာ အုပ်ချုပ်ခံ လူတန်းစားဘဝနဲ့ မသေသေးသာ။ အုပ်ချုပ်သူတွေများဖြင့် စန်းယုံရှေ့တင် ရေပွက် တွေလို ပွက်ခနဲထလိုက်၊ ပွက်ခနဲ ပျောက်လိုက်ပါအေ့။ ရှင်ကြီးဝမ်းလည်း ဝင်ဖူးပ့ါ၊ ရှင်ငယ်ဝမ်းလည်း ဝင်ဖူးပ့ါ။ ဘယ်ဝမ်းဖြစ်ဖြစ် ချေးစော်နံတာချည်းပဲ မိန်းမရဲ့။ အခု ရှင်ပိုးစာယောက်ျား မောင်ရွှေဘော်ရော ဘာထူးသတုံး။ ရွာလူကြီး ဖိုးပန်းဦးနဲ့ အနီးကပ်နေမှတော့ သမပစ္စည်း မစားဘဲနေလိမ့်မလား။ ရှင်ဘုရင့် စားတော်ပွဲ ဆီတရွှဲရွှဲပေါ့အေ့"

"ခက်ရန်ကော ဒွေးစန်းယုံရယ်။ ဒါကတော့ ဒွေးလေးဟာက သက်သက်မဲ့ ကို ကဏ္ဍာကောစ တိုက်သာပါ။ ကိုယ်တိုင်လည်း မြင်သာ သိသာ မဟုတ်ဘဲနဲ့။ အထင်နဲ့ မယိုးစွပ်ကောင်းပါဘူး"

သမဆိုင်ဝင်းထဲကို လူတွေ တဖွဲဖွဲဝင်လာကြပြီ။ စာအုပ်ထပ်သည့် စားပွဲ နားတွင် လူအုပ်ကြီးသည် ယောက်ယက်ခတ်နေ၏။ သမ အဆောက်အအုံကြီးရှေ့ ကွင်းပြင်တစ်ခုလုံး လူအုပ်ကြီးဖြင့် ပြည့်နေသည်။ စာရေး ကိုချစ်ခင်သည် လူအုပ် ကြီးကို အော်ကာငေါက်ကာ ထိန်းနေရသည်။ မိဒေါင်းလှလည်း ဒွေးစန်းယုံနှင့် မတင်ရီကိုခေါ်ကာ ထိုလူအုပ်ကြီးနားသို့ တိုးကပ်လာခဲ့သည်။ သည်တော့လည်း ဒွေးစန်းယုံနှင့် စကားစီးချင်းမှာ နိဋ္ဌိတံခဲ့ရလေသည်။

"သွားကြ သွားကြ။ စာအုပ်ထပ်ပြီးသဲ့သူက လွတ်ရာကျွတ်ရာ သွားထိုင် နေကြ။ ဘယ့်နှယ့်ဗျာ။ ရမယ့်အရေးဆိုတော့ တိုးကာခွေ့ကာနဲ့။ လိုချင်မျက်စိ
mgyoe.com

mgyoe.com SAMPLE BOOK

ရှိလိုက်ကြသာများ။ ရွာမှုရပ်မှုလုပ်ဖို့များ ဆော်ဩရင်တော့ တံ့တံ့ဆိုင်းဆိုင်း ရှိလိုက်ကြသာ။ အလကားရရင် ရေတောင် သေအောင်သောက်မယ့်ဟာတွေ။ နောက်ဆုတ်နေကြ။ နာမည်ခေါ်တဲ့သူမှ ရှေ့တက်လာ"

ကိုချစ်ခင်၏ စကားတို့သည် ကြားရသူ့နားဝယ် နှစ်လိုဖွယ် မရှိချေတကား။ ရင့်သီးလွန်းလှ၏။ တိုးဝှေ့တန်းစီနေသူများမှာလည်း ကိုချစ်ခင်၏ စကားကိုကြားလျှင် မကျေနပ်ကြ။

"ကိုယ့်ခွဲတမ်း ကိုယ်ယူသွဲ့ဟာ။ သင်းက ဘာဖြစ်လို့ နအိုချိုးသွေး လုပ်ချင်ရသာတုံး။ ချိုထက်ကြောင်း ပြချင်နေလိုက်သဲ့ လူနှယ်"

ရွာ့မြောက်ပိုင်းက ကိုလှဦးမိန်းမ မဆပ်ပွင့်က မကျေမချမ်း ရေရွတ်သည်။

"သည်အကောင်က စာရေးဆိုပြီး အစွယ်ထောင်နေသာအေ့။ ကြည့်ပါ့လား။ မျက်နှာချိုးကိုက သုန်မှုန်နေတာပါ့ပဲ။ သူ့မယား ရှင်စက်ခင်ကို ကြည့်အုံး။ လူထုမယ် သည်လောက် ကြပ်တည်း ချို့ငဲ့နေကြပေမဲ့ ရှင်စက်ခင်ကတော့ နားတဝင်းဝင်း၊ လည်ပင်း တပြောင်ပြောင်ပါ့ကော။ အဝတ်အထည်လည်း အဝတ်အထည်မို့။ အိမ်နေရင်းတောင် မာစရိုက်ထည်ချည်း ဝတ်သဲ့ဟာ။ ခွဲတမ်းတွေထဲပါလာသဲ့ မာစရိုက်ထည်တွေထဲက သူ့မယားကြိုက်သဲ့ဟာဆို စိတ်ကြိုက် ယူထားလို့ဖြစ်မှာပေ့ါ။ တို့များတော့ ခံတောထည်တောင် ခွဲတမ်းရအောင် မနည်းအားထုတ်ကြရသာ"

ဘေးနားက ဆပ်ပွင့်ရဲ့ မကျေမချမ်း ရေရွတ်သံကိုကြားတော့ မယ်စန်းယုံက မနေနိုင်စွာပင် ဝင်ထောက်လိုက်သေးသည်။ တခြားသူများမှာမူ စာရေးများကြားအောင် မဝေဖန်ဝံ့ကြပေ။ မယ်စန်းယုံကသာ တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်ဖုံ ဆိုဝံ့ပြောဝံ့ခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း မယ်စန်းယုံသည် ခွဲတမ်းကျတိုင်း ပစ္စည်းကောင်းမရခဲ့။ မယ်စန်းယုံကလည်း မမျှော်လင့်ပေ။ ခွဲတမ်းကောင်းရဖို့ ရွာလူကြီးနဲ့သော်လည်းကောင်း၊ စာရေးစာချီနဲ့ သော်လည်းကောင်း ပလဲပနံသင့်အောင် ပေါင်းတတ်ရမှန်း မယ်စန်းယုံ သိသည်။ သို့သော်လည်း မယ်စန်းယုံက သည်သို့မျက်နှာလုပ်ရသည်ကို အင်မတန် စက်ဆုပ်သည်။ ထို့ကြောင့်လည်း မည်သူနှင့်မျှ မျက်နှာကြောမတည့်ခြင်း ဖြစ်ပေသည်။

"ဒေါင်းလှ"

စာအုပ်ကိုင် ကိုပန်းကုံးက မိဒေါင်းလှနာမည်ကို အော်ခေါ်သည်။ မိဒေါင်းလှ လူအုပ်ကြားထဲ တိုးခွေ့ထိုးဖောက်ကာ အပြေးကလေး သွားမိသည်။ နှုတ်ကလည်း

mgyoe.com

mgyoe.com SAMPLE BOOK ·

"ကျုပ် သည့်မှာ ကိုပန်းကုံးရေ။ လာပြီ လာပြီ" ဟု အော်လိုက်မိသေးသည်။ အော်လည်း အော်ရပေမည်။ မတော်လို့များ မိဒေါင်းလှ မရှိဘူးအထင်နဲ့ အလှည့်ကျော်လိုက်မှ ခက်ရချည့်။

မိဒေါင်းလှ ကိုပန်းကုံးရှေ့ ရောက်တော့ ထပ်ထားသည့်စာအုပ်လေး ပြန်ယူပြီး ခွဲတမ်းဝေသည့် ကိုရွှေဘော်အနားသို့ သွားရပြန်သည်။ ကိုရွှေဘော်က မိဒေါင်းလှ၏ ဆာလာအိတ်ထဲသို့ ဧည့်မထဆန် တစ်ဆယ့်နှစ်ပြည် ထည့်ပေးသည်။ မိဒေါင်းလှတို့အိမ်တွင် မိသားစုဝင် လေးယောက်ရှိသည်။ တစ်ယောက် သုံးပြည်နှုန်းနှင့် တစ်ဆယ့်နှစ်ပြည်ရသည်။ စားဆီ လေးဘူး၊ ရေနံဆီ တစ်ပုလင်း၊ ရွှေဝါဆပ်ပြာ လေးတောင့်ရသည်။

သည်ဆန်ထုပ်ကြီးနှင့် ပစ္စည်းပစ္စယတို့ကို မိဒေါင်းလှ မနိုင်မနင်းရွက်ကာ လူအုပ်ကြားမှ တိုးထွက်လာခဲ့သည်။ မိဒေါင်းလှရင်ထဲ၌မူ ဝမ်းသာလုံး ဆို့နေမိ၏။ သည်လောက်ဆိုလျှင် မိသားစုကို ရက်အတန်ငယ် ထိန်းထားနိုင်ပြန်ပြီ မဟုတ်လား။ လူအုပ်နှင့် ဝေးရာသို့ ရောက်လျှင် ဆန်ထုပ်ကိုချ၍ ဆန်အိတ်ထဲသို့ ဆီဘူးနှင့် ဆပ်ပြာတောင့်တို့ကို ရောနှောထည့်ကာ အိတ်ဝကို ထန်းလျှော်စဖြင့် စုချည်လိုက်သည်။ ပြီးလျှင် ဆန်အိတ်ကို ရွက်လိုက်၏။ ရေနံဆီပုလင်းကိုတော့ လက်ကပဲ ကိုင်သွားရမည်။ ဆန်အိတ်ထဲ ရောနှောထည့်၍ မဖြစ်ပေ။ အိမ်ရောက်လျှင်လည်း ထိုရေနံဆီပုလင်းအား ကလေးလွတ်ရာ နေရာ၌ ဝှက်ထားရပေမည်။

တစ်ခါသား အရှေ့ပိုင်းမှ မစိန်ခိုသား လူမမယ်အရွယ်လေးသည် ရေနံဆီပုလင်းကို မော့သောက်လိုက်ရာမှ အသက်ပေးခဲ့ရသည့် အဖြစ်ကို မိဒေါင်းလှမမေ့ပေ။ မိမိကလေးများကို ထိုသို့အဖြစ်မခံနိုင်။

မဆိုစကောင်း မိဒေါင်းလှသာ မစိန်ခိုလို သားသမီးပူနဲ့ ကြုံခဲ့ရလျှင် ပဋ္ဌာမြေလူး အရှူးမီးဝိုင်း ဗျာပါပွေ ရပေလိမ့်မည်။ တွေးကြည့်ရုံနှင့်ပင် မြေလူး ကြက်ယက် သောကဖက်ရချေ၏။ မိဒေါင်းလှသည် ဆန်အိတ်ပိုင်းလေးကို ထုပ်ပိုး ပြင်ဆင်နေရင်း တောင်တောင်အီအီ တွေးနေမိရာမှ ထန်းတောမှာကျန်ခဲ့သည့် ကလေးနှစ်ယောက်ကို အမှတ်ရသွားပြန်သည်။ ပြန်မှ ဖြစ်ပေလိမ့်မည်။ ကိုစံရီ ထန်းတက်သွားနေလျှင် ထန်းတဲမှာ ကလေးနှစ်ယောက်တည်းသာ ကျန်နေခဲ့မှာ ကြောင့် မိဒေါင်းလှ စိတ်မချနိုင်။ အကြီးမလေးကလည်း လောက်လောက်လားလား မရှိသေးသည့် ရှစ်နှစ်ကိုးနှစ် အရွယ်လေးပေမို့ အငယ်ကောင်လေးကို ကောင်း ကောင်း ထိန်းကျောင်းနိုင်သေးသည် မဟုတ်။ သည်တော့ မိဒေါင်းလှ လောရပြီ။

mgyoe.com

mgyoe.com
SAMPLE BOOK

ဒွေးစန်းယုံနှင့် မတင်ရီကိုလည်း စောင့်မနေနိုင်တော့ပေ။ သင်းတို့က ခွဲတမ်းရသည်နှင့် သင်းတို့အိမ်သားတွေက အကြိုအထောက် လာကြပေမည်။ ကိုယ်တိုင်ကိုယ်ကျ သယ်ပိုးကြရမည့်သူတွေ မဟုတ်။ နောက်ပြီး သင်းတို့အိမ်တွေက ရွာထဲတွင်သာရှိသည်။ မိဒေါင်းလှကမူ ရွာအရှေ့မြောက်ဘက် ဥယျာဉ်တောကြီးအထိ ပြန်ရမည်။ ရွာဆက်လှမ်းသလို လူသူကလည်း ပြတ်ဘိသနဲ့။ ဒါ့ပြင် ခင်ပွန်းသည် ကိုစံရီကလည်း လာကြိုနေမှာ မဟုတ်။ ကိုစံရီက ထန်းသမား။ နေထွက်နေဝင် တစ်ပင်ဆင်း တစ်ပင်တက် ထန်းလုပ်ငန်းခွင် ဝင်ရ၏။ မြူအိုးဆွဲ မြူအိုးချ၊ ညှပ်ထမ်း၊ သီးလုံးထိုး။ တစ်ခုမဟုတ် တစ်ခုကိုဖြင့် တလွှားလွှား လုပ်ရရှာတာမို့ မိဒေါင်းလှကို လာကြိုဖို့ဝေးစွ၊ သူ့အလုပ်နဲ့သူ ယားလို့တောင် ကုတ်အားတာမဟုတ်။ ရှေ့နှစ်တွေ တုန်းကတော့ မိဒေါင်းလှတို့လည်း ရွာထဲက အိမ်မှာပင် နေထိုင်ခဲ့ကြသည်။ ယခုနှစ်မှ ဘကြီးသံခဲနှင့် ဒွေးစန်းယုံတို့ လင်မယား၏ ကောင်းမှုကြောင့် ထန်းလုပ်သားများ ဖြစ်ခဲ့ရခြင်းပင်။

"စံရီရဲ့။ သည်နှစ်ဖြင့် ဥယျာဉ်တောဘက်က ဒွေးလေးတို့ ထန်းတောကြီးကို ထန်း သွားလုပ်စမ်းဟဲ့။ ပစ်ထားရသာများ နှစ်ဆွေးလှပေါ့။ မင်းတို့လည်း တောင်ရိုး ပေါ် တက်ပြီး မီးသွေးဖုတ်၊ ထင်းခုတ် လုပ်နေကြမယ့်အစား ဒွေးလေးတို့ထန်းတောထဲ တဲထိုးနေရင်း ထန်းလုပ်ကြတော့ ကြွေရသာပေါ့။ ဒွေးလေးတို့က ထန်းစုချတဲ့ သဘောနဲ့ လုပ်ခိုင်းသာ မဟုတ်ပါဘူးကွဲ့။ မင်းတို့ဟာမင်းတို့ လုပ်ကိုင်စားဖို့ ခွင့်ပေး သာရယ်။ ပစ်ထားရမယ့်အတူ ထညက်တစ်လုံး စားရတော့ နည်းသာမှတ်လို့"

ဒွေးစန်းယုံကိုယ်တိုင်က ရက်ရက်ရောရော လုပ်ကိုင်စားခွင့်ပေးတာကြောင့် ကိုစံရီနဲ့ မိဒေါင်းလှတို့လင်မယား ကလေးနှစ်ကောင်ကို လက်ဆွဲပြီး သည်ဥယျာဉ် တောဘက်ကို ခြေဦးလှည့်ခဲ့ကြခြင်းပင် ဖြစ်သည်။ ဥယျာဉ်တောဘက် ရောက်လိုက် ပါပြီဆိုကတည်းက ရွာနဲ့ အဆက်ပြတ်ရတော့သည်။ ဥယျာဉ်တောအနီးတွင် လူရိပ် လူရောင်ဟူ၍ မြင်ရခဲပေစွ။ ထန်းတဲ ကျိုးတိုးကျဲတဲနှင့် ထန်းသမားမိသားစု တစ်ယောက်စ နှစ်ယောက်စကိုသာ တွေ့ရတတ်သည်။ သည်ပတ်ဝန်းကျင်၌ ကြီးစိုး မင်းမူထားသည်က ထန်းတောကြီးများနှင့် ဆည်ကြီးသာရှိ၏။ ဆည်ဆို၍လည်း ခိုင်ခိုင်ခန့်ခန့် ထည်ထည်ဝါဝါဖြင့် ရေများအင်းနေသည့် ရေတမံကြီး မဟုတ်ပါချေ။ ဆယ့်နှစ်ရာသီ ခြောက်သွေ့အက်ကွဲနေသည့် ရေခန်းခြောက်နေသည့် ဆည်အိုကြီး သာ ဖြစ်ပါ၏။ မိုးရွာသည့် ဒေသပေမို့ တစ်ဖြိုက်နှစ်ဖြိုက်သာရွာသည့် မိုးရေလောက် ကိုဖြင့် ပပ်ကြားအက်များက စုပ်ယူသွားသည့်အတွက် ဆည်ထဲတွင် ရေတင်သည်

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုသည်က ခပ်ရှားရှား။ ဆည်မည်ကာမတ္တသာ ဖြစ်လေသည်။ မိဒေါင်းလှ အရွဲ့တိုက်၍ကြုံးဝါးထားသည့်အရာ တစ်ခုရှိ၏။ သည်ဆည်မှာ ရေတင်တဲ့နှစ် မိဒေါင်းလှတို့ ချမ်းသာတဲ့နှစ်ဟော့ရယ်လို့။

ဤမျှလောက် ရွာဆက်လှမ်းသည့်နေရာတွင် နေထိုင်ရသည့် မိဒေါင်းလှတို့အတွက် လူမှုရေးဆိုတာလည်း လစ်ဟင်းရသည်က ခပ်များများ။ ပိုဆိုးသည်က ကိုစံရီနဲ့ မိဒေါင်းလှအပြင် လက်လွှဲနိုင်သည့် လောက်လောက်လားလားအရွယ်သားသမီး မရှိတာမို့ ရပ်မှုရွာမှု လစ်ဟင်းရခြင်းသာဖြစ်၏။ ရွာနဲ့ အဆက်ပြတ်တယ်ဆိုပေသိ သည်လို သမပတ်လေးတွေတော့ မိဒေါင်းလှ နားစွင့်ရသည်။ သမကခွဲတမ်းဝေမည့်ရက် ရောက်လျှင်ဖြင့် ကလေးနှစ်ကောင်ကို ထန်းတောမှာပဲ ကျီးစောင့်ကြက်နှင်ထားကာ ရွာထဲမှ သမဆိုင်ရှိရာဆီ ခပ်သော့သော့လေး ပြေးရပြီ။

ဤသည်မှာ မိဒေါင်းလှတစ်ဦးတည်းသာ မဟုတ်ပါ။ အလကားပေးဝေတာ မဟုတ်သည့်တိုင် အဖိုးအခ သက်သောင့်သက်သာရှိတော့လည်း လူတိုင်းက မက်စက်ကြသည်ချည်း။ မျှော်လင့်ကြသည်ချည်း။ သမပတ် ရောက်ပြီဟော့ဆိုတာနဲ့ စာအုပ်ကလေးတွေ ကိုယ်စီကိုင်၊ ခြင်းတွေတောင်းတွေ လက်ကဆွဲပြီး သူ့ထက်ငါ အလုအယက် တိုးကြဝှေ့ကြသူချည်း။ လူဆင်းရဲသာ မျှော်လင့်တောင့်တသည် မဟုတ်။ လူချမ်းသာလည်း မျှော်သည်သာ။ သည်လို လူတန်းစားစုံ အလွှာစုံ တိုးကြဝှေ့ကြသည်ဆို၍ ခွဲတမ်းပစ္စည်းတွေက အဖိုးကောင်းအဖိုးတန်၊ အမျိုးကောင်းအမျိုးမှန်တွေလား ဆိုတော့လည်း မဟုတ်ပြန်။ အမျိုးအစား စုံသည်။ အရည်အသွေးစုံသည်။ ဆန်ဆိုလျှင်လည်း မြီးတိုးဆန်၊ ငစိန်ဆန်မှစကာ ဧည့်မထဆန်လည်းခွဲတမ်းပါတတ်၏။ လူတစ်ယောက်ချင်းစီကို တစ်စိတ်၊ ငါးပြည် စသည်ဖြင့် ခွဲတမ်းကျထုတ်ယူနိုင်သည်။ ရုံဖန်ရံခါ ဒန်အိုးဒန်ခွက်များလည်း ပါသည်။ နို့ဆီ၊ သကြား၊ ဆပ်ပြာ၊ ရေနံဆီ၊ ဓာတ်ခဲ၊ မာစရိုက်ထည်၊ ခံတောထည် စသည်တို့လည်း ရတတ်သည်။

ရွှေဝါဆပ်ပြာတောင့်များကိုလည်း လူဦးရေအရ ခွဲတမ်းဖြင့်ရသည်။ ဆန်ခွဲတမ်း၊ အထည်ခွဲတမ်းများမှာတော့ စာရေးနဲ့ အလျှဉ်းသင့်သူသာ ပစ္စည်းကောင်းရသည်။ မျက်နှာလုပ်တတ်သူများမှာ မာစရိုက်ထည်များ ရတတ်၍၊ ဂုဏ်မရှိမျက်နှာမွဲများမှာမူ ခံတောထည်နှင့်သာ ရောင့်ရဲကြရ၏။ ထို့ကြောင့် တချို့သူများသည် သမစာရေးကို မျက်နှာချိုသွေး၍ အလိုလိုက် အကြိုက်ဆောင်တတ်ကြသည်။ ဒါတွေကို မိဒေါင်းလှ မသိ၍မဟုတ်။ မျက်နှာလုပ်ရသည်ကို မနှစ်မြို့၍ "ရတဲ့ပစ္စည်း

mgyoe.com SAMPLE BOOK

ယူလိုက်မဟဲ့" ဟု သဘောပိုက်ထားခြင်းဖြစ်သည်။ ဒွေးစန်းယုံ ပြောမည်ဆိုလည်း ပြောလောက်၏။ သမစာရေးများ တယ်လည်း မျက်နှာကြီးသည်ဟုသာ မိဒေါင်းလှ အောက်မေ့မိတော့သည်။

မိဒေါင်းလှ ပြန်တော့မည် ဟန်ပြင်နေစဉ်မှာပင် ဒွေးစန်းယုံနှင့် မတင်ရီ လည်း ဆန်ထုပ်တွေရွက်လျက် လူအုပ်ကြားမှ တိုးထွက်လာကြသည်။ ဒွေးစန်းယုံ သည် ထဘီကို ခါးစောင်းတင်ထား၏။ ဆန်အိတ်ပိုင်းကိုလည်း ဇက်ပုနေအောင် ရွက်ထားသေး၏။ ပါးစောင်တွင် ခဲထားသည့် ဆေးပေါ့လိပ်ကြီးမှာ ဆေးရိုးသားများကို တဖျစ်ဖျစ် လောင်ကျွမ်းနေသည့်အတွက် မီးကျည်တရဲရဲ။ လက်ထဲတွင်ကား ရေနံဆီ၊ စားဆီတို့ကို ထည့်ထားသည့်ခြင်းကို မနိုင့်တနိုင်ဆွဲထားသေး၏။ ထို့နောက် ပါးစောင် တွင်ခဲထားသည့် ဆေးပေါ့လိပ်ကို အားနေသည့် လက်တစ်ဖက်ဖြင့် ယူလိုက်ပြန်သည်။ နှုတ်ကမူ တဖွဖွ မြည်တွန်တောက်တီးနေ၏။ မကျေမချမ်း ဖြစ်လာသည့်ပုံ။ စာရေး ကိုချစ်ခင်နှင့် ကတောက်ကဆ ဖြစ်လာသည်မှန်း မိဒေါင်းလှ သိပြီးသား။

"သည်အကောင်က အင်မတန်မှ ဩဇာမောက်ချင်သဲ့ကောင်။ လူကြီး လူကြီးမှန်းလည်း သိသာမဟုတ်ဘူး။ ငါ့များ လူကြားထဲ အော်လားဟစ်လား လုပ် သေးတယ်။ သင်းကဖြင့် သမစိတ္တ ရှိသာလည်း မဟုတ်ဘဲနဲ့။ အဂတိလိုက်စားသာက သူ့အပြင် နှစ်ယောက်ရှိသာ မဟုတ်ဘူး"

"ဒွေးစန်းယုံကလည်း သမထဲ ဆေးလိပ်မီး တရဲရဲနဲ့ ဝင်သကိုး။ သမဝင်းထဲ ဆေးလိပ်တောင် အသောက်မခံတာ ဒွေးလေးလည်း အသိပဲဟာ"

တင်ရီ၏ အထောက်စကားကြောင့် မယ်စန်းယုံ မကျေနပ်ပြန်။

"ဘယ့်နှယ့်အေ့ ရှင်တင်ရီရဲ့။ သည်အကောင်က ငါ ဆေးလိပ်သောက်လို့ ပြောချင်သာထက်၊ ငါဖြစ်နေလို့ကို ပြောသာအေ့။ စန်းယုံက သင်းတို့ ဖျံကျသမျှကို ငြိမ်မခံတော့၊ သင်းတို့က ကြောက်ကန် ကန်ကြသာရယ်"

မတင်ရီထံမှ အသံ ထွက်မလာတော့။ ဆက်ပြောလည်း ဒွေးစန်းယုံကို အနိုင်ပြောနိုင်မှာမှ မဟုတ်ဘဲ။ သည်တော့လည်း မတင်ရီ တုံးဏှိဘာဝေ ဆိတ်ဆိတ် နေလိုက်ခြင်းပင် ဖြစ်ပေမည်။ ဒွေးစန်းယုံနှင့် မတင်ရီသည် မိဒေါင်းလှအပါးသို့ အရောက်တွင် ခေါင်းပေါ် မှ ဆန်အိတ်များကို ဘုတ်ခနဲ ချလိုက်သည်။ အကြိုထောက် မည့် အိမ်သားများကို ဤနေရာမှ စောင့်ကြခြင်းဖြစ်၏။

"ငါပြောတော့ လွန်သသယ် ဖြစ်အုံးမယ်။ စန်းယုံတို့ ရသဲ့ဆန်ကို ကြည့်စမ်း။ ဆန်ကြမ်းချင်း အတူတောင် ဆကွဲဆညှာ ရွေးပေးကြသာ။ အမည်ခံတော့သာ

mgyoe.com

mgyoe.com SAMPLE BOOK

'သမ'စာရေး အမည်ခံထားကြသာ။ တကယ်က 'အ သမ' စာရေးတွေ။ ဘယ်မတုံး မျှတမှုက။ သင်းတို့ကို ဘယ်လောက်ပဲ ပစ်ပစ်ခါခါဆိုဆို နာတတ်ကြသဲ့ အစားတွေလည်း မဟုတ်ဘူး။ အလကား နပိန်ထူ လူဌေး၊ အမှတ်သညာ မရှိကြသဲ့ဟာတွေ"

ဒွေးစန်းယုံ၏ ဒေါမနဿ စကားမျှင်ကား မပြတ်။ မိဒေါင်းလှ ဝင်မထောက်မိပါ။ ဘေးဆိုင်း ဝင်တီးလိုက်လျှင် ဒွေးစန်းယုံအဖို့ ပိုလို့ပင် ယမ်းပုံမီးကျ ဖြစ်ချေလိမ့်မည်။ ထို့ကြောင့် ဥယျာဉ်တောဘက်သို့ ပြန်တော့မည့် အကြောင်းသာ အသိပေး စကားဆိုလိုက်၏။

"ပြန်အော့ ပြန်အော့။ ကလေးတွေက လည်တမော့မော့ ခေါင်းတမော့မော့ ရှိကြတော့မပေါ့။ နောက်ပြီး ထတောဝန်းကျင်မှာက လူသူလေးပါးရယ်လို့ ရှိသာ မဟုတ်ဘူး။ စံရိ ထတောထဲဝင်နေတုန်း ကလေးတွေ တစ်ခုခုဖြစ်နေရင် မခက်ပေဘူးလား"

ဒွေးစန်းယုံက မိဒေါင်းလှတို့ မိသားစုအပေါ်မှာတော့ အင်မတန်မှ ဖေးဖေးမမ ရှိရှာသည်။ နှုတ်ဖြင့် စောင်မတတ်သကဲ့သို့ အပေးအကမ်းလည်း တွန့်တိုခြင်း မရှိ။ ပြောမယ့်သာ ပြောရသည်။ ဒွေးစန်းယုံသည် မိဒေါင်းလှတို့အပေါ်မှာသာ ငဲ့ညှာသူ မဟုတ်။ နွမ်းပါးသူများအပေါ် ရက်ရက်ရောရော မျှဝေတတ်သည်သာ။ နှုတ်စွာသော်လည်း လက်ဖွာသူဖြစ်၏။ နှုတ်ရေးနှုတ်ရာတွင် ဟောဟောဒိုင်းဒိုင်း ရှိသော်ငြား စိတ်ရင်းကောင်းရှာသူကြီးသာ ဖြစ်သည်။ ယခုလည်း ခွဲတမ်းရလာသည့် သကြားထုပ်ကလေးကို "ဒါလေး ကလေးနှစ်ကောင်ဖို့ ယူသွားစမ်းဟဲ့" ဆိုကာ မိဒေါင်းလှထံ ထိုးပေးလိုက်သေးသည်။

မိဒေါင်းလှ၏ သမီးနှင့်သားက သကြားအလွန်ကြိုက်သည်။ သရေစာ သမောစာ ရှားပါးသည့် တောမွေးတောနေ ကလေးများပီပီ ရှားပါးသည့် အစားအသောက် အထူးအဆန်းလေးဆိုလျှင် တမက်တမော ရှိကြသည်။ ဒါကို ဒွေးစန်းယုံလည်း သိ၏။ ထို့ကြောင့်လည်း မိဒေါင်းလှထံ လက်သိပ်ထိုး ထည့်ပေးလိုက်ခြင်း ဖြစ်သည်။

ဆန်ထုပ်ကလေးကို ရွက်ကာ တနဲ့နဲ့ ထွက်ခွာသွားသည့် မိဒေါင်းလှ၏ နောက်ကျောပြင်လေးကို ကြည့်ကာ မယ်စန်းယုံ သက်ပြင်းသဲသဲ့လေး ရှိုက်လိုက်မိသည်။ အကျိုးပေး နုံနဲ့ရသည့်အထဲ ခေတ်က ရိုက်ခတ်ပြန်သည့်အခါ ဘဝတွေက နာလွန်းလှသည်ဟု မယ်စန်းယုံ တွေးလိုက်မိသည်။ သမဆိုင်ခန်းဆီ ကြည့်လိုက်ပြန်တော့ အလုအယက်။ အတိုးအကြိတ်။ ရွာလူကြီး ဖိုးပန်းဦး၏ အော်ဟစ်သံ။

mgyoe.com

mgyoe.com SAMPLE BOOK

သမစာရေး မောင်ချစ်ခင်၏ မာန်မဲကြိမ်းမောင်းသံ။ လူတန်းရှည်ကြီး၏ တွန်းထိုးတိုးဝှေ့သံ၊ ငြင်းခုန်သတ်ပုတ်သံ။ တကယ့် ငရဲခန်းအလား။

သီးနှံ သိမ်းချိန်၊ တလင်း ရှင်းချိန်ရောက်လျှင်၊ ကိုယ့်သီးနှံ ကိုယ့်ချွေးစက်ကို သင်းတို့ထံသို့ မတန်ရင်ကန် သွင်းရဦးမည်။ ကိုယ့်ယာခင်း ကိုင်းခင်းက ရသည့်သီးနှံ ရယ်လို့ ကိုယ်ရောင်းချင်သည့်နေရာ သွားရောင်း၍မရ။ သင်းတို့ထံသို့ ဝါအချိန် တစ်ရာ သွင်းရမည်ဆိုလျှင် အချိန်တစ်ရာမပြည့်မချင်း သူတို့ပေးသည့်ဈေးဖြင့် သွင်းရသည်။ နှမ်း ဆယ့်ငါးတင်း တင်ရမည်ဆိုလျှင် ဆယ့်ငါးတင်း တင်းပြည့်ကျပ်ပြည့် ဈေးပေါင်ကျိုးဖြင့် တင်ရသည်။ မြေပဲ၊ ပဲစဉ်းငုံ၊ ပြောင်း၊ ဆပ်။ အားလုံး ထိုနည်းတူပင်။ သတ်မှတ်ထားသည့် အခြင်အတွယ် မပြည့်မချင်း ပုဂ္ဂလိက ဒိုင်များတွင် ရောင်းချခွင့် မရှိ။ သူတို့ပေးသမျှ ဈေးဖြင့်သာ နည်း၏များ၏ မဆစ်သာ မတောင်းသာပဲ သွင်းကြ ရသည်ချည်း။ သည်စနစ်ကြီးကို မယ်စန်းယုံ နာကျည်းသည်။ နွားရာဝဲစွဲ လဲရာသူခိုး ထောင်းခံရသည့် အဖြစ်။ ဘယ်ဘက်ကကြည့်ကြည့် အောက်ခြေ လူတန်းစားတွေသာ ခံဘက်ကချည်း။

သည်ကြားထဲ မောင်ချစ်ခင်လို အမြှောင်အကပ်တွေကပါ ကုပ်သွေးစုပ် အမြတ်ထုတ်ကြသည့် အခါမှာတော့ လူထုမှာ မျက်ဖြူဆိုက်ကြရတော့သည်။ သည်တော့ သည်စနစ်ဆိုးကို မယ်စန်းယုံ မကြိုက်တာ လွန်သလား။ သည်အကပ် အမြှောင်တွေကို မယ်စန်းရုံအာခံတာ မှားသလား။ ပြောပြန်ရင်လည်း စန်းယုံ လွန်ရာကျဦးမည်သာ။

"နုပ်လိုက်ဖွဲလိုက်သဲ့ ဆန်တွေအေ။ ဆန်ကျိုးတစ်တောင်း၊ ဆန်ကောင်း တစ်စိတ် ဆိုသာလိုပဲ။ အိမ်ရောက်မှ ပြာရခတ်ရအုံးမှာပေါ့အေ။ ဇကွဲဆညာကတော့ ဝက်စာကြက်စာ ဖြစ်ကရော့ပေါ့"

"တိရစ္ဆာန်တော့ မကျွေးနိုင်ဘူးအေ။ ဆန်ကွဲဖြစ်အုံးတော့။ ဆန်ပြုတ် ကျိုသောက်သင့် သောက်ရတော့မှာပဲ။ သည်ဆန်ကျိုး ဆန်ကြေလေးကိုပဲ ပဲလွန်း လေး တစ်ဆုပ်၊ ပြောင်းလေး တစ်လက်ခုပ်နဲ့ ရောကာနှောကာ သုံးလွန်းတင်ရ တော့မှာပဲ။ ခံတွင်း အဝင်ဖြောင့်ဖို့ထက် အူမတောင့်ဖို့က သာပြီး အရေးကြီးသကိုး အေ့"

ဘေးနားမှ ဖြတ်သွားသည့် သားသည်အမေနှစ်ဦး၏ စကားတို့သည် မယ်စန်းယုံ၏ ရင်ဝကို ဆောင့်တွန်းလိုက်သည့်နှယ်။ အောင့်သက် နာကျင်လိုက်သည့် ဖြစ်ခြင်း။ တချို့ ပစ္စည်းကောင်း ရခဲ့ကြသည့်သူတွေကျတော့လည်း ရယ်ရွှင်

mgyoe.com

mgyoe.com SAMPLE BOOK

မြုံးကြွနေကြ၏။ တချို့မှာတော့ သမပင် လာမထုတ်နိုင်ကြရှာ။ "သည်တစ်ပတ်တော့ လွှတ်ရတော့မယ်အေး။ ငါ့စာအုပ်ကလေးကို ဘယ်သူ့ဆီမှာ ဘယ်လောက်နဲ့ ပေါင်ထားရသယ်။ အပေါင်ခံစာအုပ်လေးနဲ့ သူတို့ ထုတ်စားကြမှာပေါ့။ ငါတို့တော့ မရွေးနိုင်ခင်စပ်ကြား ရှာကြံပြီး ဝမ်းကျောင်းရတော့မှာပဲ" ဆိုသည့် မိသားစုလေးတွေလည်း ရှိ၏။

ကြပ်တည်းလွန်းလှသည့်အခါ ကိုယ့်စာအုပ်လေးတွေကို ပေါင်ကြနှံကြရသည်။ ဒါတွေကိုမြင်တိုင်း မယ်စန်းယုံ သက်မမောချရုံမှတပါး မကယ်နိုင် မတတ်နိုင်ပါ။ တအောင့်အကြာတွင် ခင်ပွန်းသည် ကိုသံခဲလိုက်လာသဖြင့် လင်ကိုယ်မယား နှစ်ယောက် ဆန်အိတ်လေးကို သယ်ပိုးကာ သမဆိုင်ကို ကျောခိုင်းခဲ့ကြတော့သည်။

မပိုးစာကတော့ ကိုရွှေဘော်အနားသို့ ကပ်၍ ပစ္စည်းကောင်းလေးတွေကို မျှမျှတတ ခွဲဝေပေးရန် တိုးတိုးကျိတ်ကျိတ် သတိပေးနေရသည်။ သူသူကိုယ်ကိုယ် ပစ္စည်းကောင်း မက်ကြသူချည်း။ လိုချင်ကြသူချည်း။ မပိုးစာမှာမှဲ့သာ မှာရသည်။ ကိုရွှေဘော်ကလည်း "ငါနဲ့မသင့်မြတ်လို့ ညံ့တာလေး ပေးလိုက်မဟ။ သူကတော့ ငါနဲ့ သဟဇာတဖြစ်လို့ အမွန်အမြတ်လေး ရစေဟ" ဆိုတာမျိုး ရှိသူမဟုတ်ပါ။

သမတစ်ခါဝေတိုင်း ပြောစမှတ် တစ်ခါ ကျန်ခဲ့သည့် အဖြစ်မျိုးလည်း မပိုးစာ အဖြစ်မခံနိုင်။ ကိုရွှေဘော်က သမာသမတ်ကျကျ ခွဲတမ်းပေးရင်တောင် "ဘယ်သူကတော့ မျက်နှာလိုအားရ လုပ်တတ်တော့ ပစ္စည်းကောင်းရသတော့၊ စာရေးတွေက သူ့အမျိုးတွေကိုတော့ ခွဲတမ်းကောင်း ပေးကြသတော့်" ဆိုသည့် အသံတွေက တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်ဖုံ ထွက်လာကြစမြဲ။ ကြားရတတ်စမြဲ။ ကြေးတိုက်ကြသည်။ စောင်းမြောင်း အပြစ်ဆိုကြသည်။ သည်ဒဏ်တွေကို မပိုးစာ ခံခဲ့ရပေါင်း များလှပြီ။ ကိုရွှေဘော် သမစာရေး ဝင်လုပ်ကတည်းက ဆိုရပေမည်။

တစ်ခါသား ကိုရွှေဘော်ကို သမစာရေးအဖြစ်မှ ရပ်နားရန် မပိုးစာ နားချခဲ့ဖူးသည်။ ကိုရွှေဘော်ကလည်း လက်ခံသည်။ လက်မခံသည်က ရွာလူကြီး ဖိုးပန်းဦးနှင့် လူကြီးကတော် မယ်ကျေးညိုတို့ပင် ဖြစ်၏။

"သည်လိုလုပ်ကြလို့ ဖြစ်ပါ့မလားအေး။ ကိုယ့်ရပ် ကိုယ့်ရွာအရေး သောင်ထွန်းထွန်း၊ ကျွန်းမြုပ်မြုပ်ရယ်လို့ မျက်နှာလွှဲခဲပစ် လုပ်ချင်ကြသာလား။ သည်အလုပ်မျိုး လုပ်ဖို့ဆိုသာကလည်း တွေ့ကရအုတ်ကျိုး ပုထိုးအမှတ်နဲ့ ကိုးကွယ်လို့ ရသာမှ မဟုတ်သာ။ လည်လည်ဝယ်ဝယ်လည်း ရှိအုံးမှ။ စာရင်းတွက် အင်းတွက်လေးလည်း နိုင်နင်းအုံးမှ။ လူမှုလူဝတ်ကလေးလည်း ဆိုရေးတတ်သဲ့သူမှ သင့်တော်မှာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

မောင်ရွှေဘော်။ မင်းလည်း မလုပ်လို့ မဖြစ်ဘူး။ ရှင်ပိုးစာလည်း လင့်ပခုံးမှီပြီး တဂျိဂျိ နားချမနေနဲ့"

ဖိုးပန်းဦး၏ တစ်သွေး တစ်သံ တစ်မိန့်အောက်တွင် ကိုရွှေဘော်ရော၊ မပိုးစာပါ စင်းစင်းလဲခဲ့ရသည်သာ။ အဆုံးတော့လည်း "အလုပ် လုပ်သဲ့သူက လက်ညှိုးထိုးခံရတတ်သာဓမ္မတာပဲ ပိုးစာရဲ့" ဆိုသည့် ကိုရွှေဘော်စကားကို မပိုးစာ လက်ခံခဲ့ရပါပြီ။ ပြောကြပစီဟဲ့ ဆိုကြပစီဟဲ့ ရယ်လို့သာ နှလုံးသွင်း မှတ်ပိုက်ထားရ တော့သည်။ သို့လင့်ကစား တစ်ခါတစ်ခါတော့လည်း စိတ်အမျက်သင့်မိပြန်၏။ စောစောကပင် မယ်စန်းယုံနှင့် ကတောက်ကဆ ဖြစ်ခဲ့ရသည် မဟုတ်လား။ မယ်စန်း ယုံသည် အင်မတန် ခွကျသည်။ ပြောရဆိုရ လက်ပေါက်ကပ်သည်။ ဝသီ ကြမ်း သည်။ ဘယ်နေရာဖြစ်ဖြစ် မယ်စန်းယုံ ပါသည်။ တစ်ရွာလုံး ရှိသမျှလူ မယ်စန်းယုံ၏ အပြောအဆို မခံရဖူးသူမရှိ၊ ထို့ကြောင့် ထိပ်တိုက် မတွေ့လိုသူတို့သည် မယ်စန်းယုံ ကို ခပ်ရှဲရှဲ ခပ်ရှောင်ရှောင်နေကြသည်။

သို့သော်လည်း မယ်စန်းယုံ၏ အပေးအကမ်းနှင့် လွတ်ဖူးသူဟူ၍လည်း မရှိသလောက် ရှားပြန်သည်။ နွမ်းပါးသူများအပေါ် ဖိုးသံခဲရော မယ်စန်းယုံပါ ရက်ရောကြသည်။ တွန့်တိုမှု ကင်းကြသည်။ သည်လိုဆိုတော့လည်း မယ်စန်းယုံ၏ အပြောအဆို ခံရမှုအပေါ် ဝယ် ကြာရှည်စွာ စိတ်ကွက်စိတ်မျက်ပြီး တေးတေးမှတ်မှတ် မနေအားကြပေ။ ကျေကြ ပြေကြရသည်သာ။ မနက်ခင်း ရန်ဆိုင်၊ ညနေတိုင်တော့ ဟင်းခွက် ကမ်းကြသူချည်း။ မပိုးစာလည်း တဒင်္ဂပဟာန် ကိန်းဝင်လာသည့် ဒေါသ မာနကြောင့်သာ မယ်စန်းယုံကို နှုတ်လှန် ထိုးခဲ့ မိသော်လည်း၊ အချိန်တန်လျှင် "ဒွေးစန်းယုံရဲ့၊ မယ်ကြီးအိုရဲ့" ဆိုတာမျိုး သံဝါဟစ်လျက် အမျက်အအီ ပြေရမည် သာ။

မပိုးစာ ကိုရွှေဘော့်အပါးမှ ခွာလာခဲ့သည်။ သမဆိုင်ရှေ့မှ လူအုပ်ကြီးသည် လည်း တဖြည်းဖြည်းနှင့် ကွဲစ ရှဲစ ပြုလာပြီ။ ကိုယ့်ခွဲတမ်းလေးတွေကို ထမ်းသူထမ်း ရွက်သူရွက်ဖြင့် သမကို ကျောခိုင်းကုန်ကြပြီ။ အိမ်ရောက်မှ ခွဲတမ်းဆန်အိတ်လေးကို ဖွင့်ကာ ချက်ကြ၊ ပြုတ်ကြရမည့် အိမ်ရှင်မတို့သည်လည်း ထဘီခါးစောင်းပြင်၍ မောင်းတင်လျက် ပြန်ကြချေပြီ။ ကြာလွန်းမက ကြာလာသည့်အခါ အိမ်၌ ထားရစ် ခဲ့သည့် နို့စို့ကလေးငယ်တို့သည်လည်း တစာစာ တအီအီ ငိုကြွေးသံမြည်ပြုကာ အစ်ကို အစ်မများ၏ ခါးစောင်းတွင် ခါးထစ်ခွလိုက်ပါလာကြသည်လည်း ရှိ၏။ ကလေးငယ်တို့သည် အမိကိုမြင်လျှင် အစ်ကိုအစ်မများ၏ ရင်ခွင်မှ အထင်းရုန်းထွက်

mgyoe.com

mgyoe.com SAMPLE BOOK

လျက် မိခင်ထံသို့ ခြေကန်ရုန်းကြပြန်သည်။ ထိုအခါ သားသည် မအေတို့သည် ဆန်အိတ်ပိုင်းလေးများကို ခေါင်းပေါ်တင်ရင်း ကလေးကို ခါးထစ်ခွင်ချီကာ ပွယောင်း ညစ်ထေးနေသည့် အင်္ကျီအောက်နားစမှ လှန်ကာ လမ်းလျှောက်ရင်းပင် နို့ချိုတိုက်ကျွေးရလေသည်။

"မိန်းကလေးနှယ့်အေ။ ကလေးငယ်လေးကိုချီပြီး သမဆိုင်အထိ လိုက်မလာပါနဲ့လို့ မှာထားရဲ့သားနဲ့။ သမထောင့်က ကုက္ကိုပင်ကြီးအကြောင်း ညည်းတို့လည်း မသိသာမှတ်လို့။ အင်မတန်မှ အခြောက်အလှန့်ကြမ်းသဲ့ အပင်ကြီးတော့"

"ခြောက်လှန့်ရုံတင် ဟုတ်မလားဟ။ တစ်ခါသား မြောက်ပိုင်းက မယ်အိမ်ရှင်ကြီး အနောက်စုဘက်ကိုကူးရင်း သည်ကုက္ကိုပင်အောက် အရောက်မှာ ခေါက်ခနဲလဲကျသွားရာကနေ အသက်တောင် ပြန်ပါတော့သာမှတ်လို့။ ဟော... ကိုဖိုးကွန့်ကြီးတုန်းကလည်း နေဝင်ရီတရောမှာ အမဲသားတွဲကြီးဆွဲပြီး သည်အပင်အောက်က အဖြတ်၊ အပင်ပေါ်က ဇောက်ထိုးကြီး ဆင်းလိုက်လာလို့ နောက်မြီးဖင်ရိုက် တရွတ်တိုက် ပြေးခဲ့ရသာပဲ့ကော။ အိမ်ရောက်တော့ လူစိတ်မကပ်လို့ မနည်း မန်းမှုတ်ယူလိုက်ရသယ်"

သားသည်ဖအေတို့သည် ခွဲတမ်းလေးများကို ကူသယ် ကူထမ်းရင်း၊ သားသည်မအေတို့သည် နို့ချိုတိုက်ရင်းမှ သမဆိုင်ထဲသို့ ကလေးငယ်ကို ခေါ်လာသည့် သားကြီးသမီးကြီးတို့အား ပြစ်တင်ဆူပူကြသည်။ ခြောက်လှန့် ဟန့်တားကြသည်။ သည်အသံတို့သည် သမပတ်တိုင်း မပိုးစာ ကြားနေကျ။ သည်မြင်ကွင်းတို့သည် သမပတ်တိုင်း မပိုးစာ မြင်နေကျ။ ကြားဖန်များ မြင်ဖန်များ၍ ရိုးအီနေပြီ။ မရိုးသည်က စိတ်ခံစားမှုတွေ။ သည်တစ်ပတ် ဘာလေး ခွဲတမ်းရမတုံးရယ်လို့ စိတ်လှုပ်ရှားကြရသည်မှာ မရိုးနိုင်သော စိတ်ခံစားမှုများပင် ဖြစ်လေသည်။ သမဝေမည့်ရက်ဆို ရှိသည့်အလုပ်ကိုပင် ဖျက်ကြရသည်။ သူ့ထက်ငါ တိုးကြကြိတ်ကြရသည်။ ကိုယ့်ချွေးကို ကိုယ်ပြန်သောက်နေကြရသည့် တောသမ တောင်သမများ၏ ဘဝကို ကြည့်ရင်း မပိုးစာ ရင်နာလှသည်။ မပိုးစာလည်း ထို့အတူပါပေ။ သမရက်ရောက်လျှင် ခွဲတမ်းထုတ်ယူသည်။ ခွဲတမ်းမကုန်ခင် ဆန်၊ ဆီ၊ ဆား အလျဉ်မိအောင် ထန်းလျက်ရောင်းရသည်။ နေပူစပ်ခါးလည်း မရှောင်သာ။ မိုးတဖျောက်ဖျောက် နှင်းတပေါက်ပေါက်လည်း မညည်းသာ။ လက်လှုပ်မှ ပါးစပ်လှုပ်ရမည့် ဘဝများပေကိုး။

သမဝင်းအတွင်းသို့ မပိုးစာ မျက်လုံးတစ်ချက် ဝေ့ဝဲကြည့်လိုက်သည်။ ဇီးပုကို မမြင်။ ပဲညှာကိုလည်း မတွေ့။ သည်မိန်းမများ ပြန်နှင့်ကြပြီထင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထို့ကြောင့် မပိုးစာလည်း တစ်ကိုယ်တည်းသာ ရွာဘက်သို့ ပြန်လာခဲ့တော့သည်။ ရင်ထဲမှာတော့ အတွေးပေါင်းစုံဖြင့် နွမ်းနယ်နေ၏။ သီးနှံချိန်ရောက်လျှင် သူတို့ပေးသည့် မတန်ရင်ကန် ဈေးပေါင်ကျိုးများဖြင့် သတ်မှတ်တန်ချိန် ပြည့်မီအောင် သွင်းရဦးမည်။ မပိုးစာတို့ကတော့ အပြင်ပုဂ္ဂလိက ဒိုင်တွေဆီမှာသာ အလေးကောင်းဈေးသာဖြင့် သွင်းချင်ကြသည်။ ငွေပိုရတော့ ပိုပြီးသုံးရစွဲရသလို ကြွေးမြီလေးတွေပါ အကျေ ဆပ်နိုင်မည်။ ကျေးလက်နေ ကျောမွဲလူတန်းစားများအဖို့ ကြွေးမြီကင်းကြသူက ခပ်ရှားရှားမဟုတ်လား။ တောင်သူများဘဝ နွားတစ်ရှဉ်းနှင့် ကြွေးမင်းတစ်ရာကို အဖော်ပြုကြရသူချည်း။

မပိုးစာ စိတ်တွက် တွက်နေမိသည်။ စိုက်ဖို့ ကြဲဖို့အတွက် မျိုးရင်း မျိုးစေ့လည်း ဝယ်ရဦးမည်။ တောင်သူချေးငွေကလေးတွေလည်း ဆပ်ရဦးမည်။ ရွာဘုရားပွဲအတွက် အိမ်တိုက်ကြေးကလည်း လက်လွှတ်၍ မရ။ အလိုတော်။ သာရေး၊ နာရေး၊ ကျန်းမာရေး၊ ဝမ်းစာရေး။ ရစရာကလွဲ ကုန်စရာချည်း။ သည်ပုံအတိုင်းဆိုလျှင် ငွေပြီးရင်း ငွေချည်းလိုမည်။ သီးနှံလေးပါ သူတို့ထံ အောက်ဈေးဖြင့် သွင်းရလျှင် ရငွေနှင့်သုံးငွေ ကာမှ ကာမိပါ့မလား။ တတ်နိုင်ဘူးလေ။ 'မင်းတို့စကား မိုးကြိုးသွား' တဲ့။ 'တိမ်တောင်သဖွယ် မင်းရေးကျယ်'သတဲ့။

"အားတင်းထားစမ်းဟဲ့ မိပိုးစာ။ ခေါင်းတစ်လုံး၊ လက်နှစ်ချောင်း၊ ခြေထောက်အကောင်း ရှိသေးသမျှ ထညက်တောင်း ခေါင်းရွက်နိုင်သေးသဟဲ့" ရယ်လို့ အားတင်းရင်း ရွာအဝင် ခြေလှမ်းများမှာဖြင့် တုံ့ဆိုင်း နှေးကွေးလှချေတကား။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၂)

"အစဉ်ထာဝရ ချစ်ခင်လေးစားအပ်ပါသော၊ ဗွီဒီယိုဝါသနာရှင် ချစ်မိတ်ဆွေ အပေါင်းတို့ပေါ့ ခင်ဗျာ။ ကျွန်တော်များ ယနေ့ည၊ စိန်သောင်းဒန်ဗွီဒီယိုရုံ နန်းစံအတွင်းမှာ၊ တင်ဆက်ကာ ပြသပေးသွားမှာကတော့၊ ဒါရိုက်တာ မိုက်တီး ရဲ့"

ဖိုးသံခဲသည် နွားစာ စဉ်းနေရာမှ တုံ့ခနဲ ရပ်လိုက်၏။ သောင်းဒန်၏ ကြေညာသံကို ရှင်းလင်းပြတ်သားစွာ ကြားနိုင်ရန်အတွက် မိမိ၏နားကို သောင်းဒန် အိမ်ဘက်သို့ လှည့်ကာ စွင့်ချိနေအောင် အာရုံစိုက်လိုက်သည်။ ဖိုးသံခဲ၏ ယင်း အပြုအမူသည် ဒီအချိန်ရောက်တိုင်း ပြုနေကျ အမူအကျင့်ဖြစ်၏။ ဖိုးသံခဲသည် အင်မတန် ဗွီဒီယိုကြိုက်၏။ ထို့ကြောင့်လည်း သောင်းဒန်၏ ဗွီဒီယိုရုံမှ လော်စပီကာ ကြီးဖြင့် ဇာတ်ကားကြေညာတိုင်း မလွတ်တမ်း နားစိုက်ထောင်လေ့ရှိသည်။

မည်သည့်အလုပ် လုပ်နေစေဦးတော့ လုပ်နေသည့်အလုပ်ကို တန့်ပစ်ကာ အာရုံစိုက်သည်။ ယုတ်စွဆုံး ဘုရားရှိခိုးနေချိန်၌ ကြားလိုက်လျှင်ပင် ဩကာသ တစ်ပိုင်း၊ အစိန္တေယျတစ်ဝက်ဖြင့် နားထောင်တတ်သည်။ ဤသို့ဖြစ်တိုင်း မယ်စန်းယုံနှင့် ကတောက်ကဆဖြစ်ရသည်မှာ အကြိမ်ကြိမ်။ ထို့ကြောင့် နောက်ပိုင်းတွင် ဖိုးသံခဲသည် ဘုရားရှိခိုးခြင်းအမှုကို ညနေစောင်းလိုက်သည်နှင့် ဦးစွာပြု၏။ ပြီးမှ နွားစာ စဉ်း၏။ နွားစာစဉ်းရာမှ နားထောင်ရသည်က ကိစ္စမရှိ။

mgyoe.com

mgyoe.com SAMPLE BOOK

ရံဖန်ရံခါ သောင်းဒန် ကြေညာသည်ကို နားမရှင်းလိုက်လျှင် “ဟကောင် သောင်းဒန်ရ။ မင့်ဟာက သပွတ်အူ ပင့်ကူရစ် နေသလိုပဲ။ မရှင်းမရှင်း ရှိလိုက်သာ။ သည်ပုံတိုင်း ကြေညာနေတော့ ဘယ်သူကကြားပြီး၊ ဘယ်သူက လာကြည့်တော့မတုံးကွ။ အပ်ကျမတ်ကျ သေသေချာချာလေး အော်မှ မင့်ရုံ လူဝင်တော့မပေါ့။ တကတည်းမှ။ တီးချင်တော့ မောင်း၊ တောင်းတော့ လကွင်း(လင်းကွင်း)ဆိုသာလိုပဲ” ဆိုတာမျိုး သောင်းဒန်ကို ရန်သွားလုပ်လိုက်သေးသည်။

နားထောင်မှလည်း ဖြစ်မည်ဟု ဖိုးသံခဲ ယုံကြည်ထားသည်။ သောင်းဒန်သည် စိတ်ချရသည့်ကောင် မဟုတ်။ တစ်ခါသား သောင်းဒန်သား ကြွက်နီက ကမ္ဘသွားပြီး ဗွီဒီယိုခွေ တက်ငှားသည်။ သောင်းဒန်ကလည်း သားဖြစ်သူ ကြွက်နီကို “ကျော်ဟိန်းနဲ့ ချိုပြုံးဇာတ်ကား ငှားခဲ့စမ်းကွာ”ဟု မှာလိုက်၏။ ကြွက်နီကလည်း ငှားခဲ့ပါမည့်အကြောင်း အာမဘဏ္ဍခံကာ၊ စက်ဘီးအိုချာလေးကို ချောက်တီးချောက်ချက်နင်း၍ ကမ္ဘသို့တက်သွားသည်။ သို့သော် ကြွက်နီသည် နေညိုသော်လည်း ပေါ်မလာ။ မိုးချုပ်သော်လည်း ပြန်မရောက်။ သား ပြန်မရောက်သေးသည့်အတွက် သောင်းဒန်လည်း ဇာတ်ကားနာမည်ကို ဘယ်လိုကြေညာရမှန်း မသိ။ ကြေညာချိန်ကလည်း လွန်နေပြီ။ တချို့လည်း “သည်ည ဗွီဒီယို မပြဘူးလား ကိုသောင်းဒန်”ဟု လာမေးကြသည်။ သည်တော့ သောင်းဒန်လည်း “ကြေညာမှ ဖြစ်တော့မယ်”ဟု ဆုံးဖြတ်ကာ စတင် ကြေညာတော့သည်။

“အစဉ်ထာဝရ ချစ်ခင်လေးစားအပ်ပါသော၊ ဗွီဒီယိုဝါသနာရှင်ချစ်မိတ်ဆွေအပေါင်းတို့ပေါ့ ခင်ဗျာ။ ကျွန်တော်များ ယနေ့ည၊ စိန်သောင်းဒန်ဗွီဒီယို ရုံနန်းစံအတွင်းမှာ၊ တင်ဆက်ကာ ပြသပေးသွားမှာကတော့၊ ဒါရိုက်တာ(. . . ) ရိုက်ကူးပုံဖော်ထားတဲ့ ဇာတ်ကားကောင်းတစ်ကား ဖြစ်ပါတယ်ခင်ဗျာ။ ဇာတ်ကားလေးရဲ့အမည်ကတော့ ‘သား ပြန်လာမှ သိမယ်’ လို့ အမည်ရပြီး၊ ဇာတ်ကားထဲမှာတော့ သဘာဝ မင်းသားချော ကျော်ဟိန်း၊ အလှပိုင်ရှင် မင်းသမီးချောလေး ချိုပြုံးတို့က အဓိကပါဝင် သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်ခင်ဗျာ”

ရွာထဲရှိသမျှ ပရိသတ်ကလည်း ဇာတ်ကားနာမည်နဲ့တင် မိုက်သဟ။ အကြမ်းအရမ်း အပစ်အခတ် ဖြစ်လောက်ကဲ့ရယ်လို့ ရုံပြည့်ရုံလျှံ လာရောက်အားပေးကြလေသည်။ ကြွက်နီ ပြန်ရောက်လာသည့်အခါ အခွေထိုးလိုက်မှ ဇာတ်ကားနာမည်သည် ‘မွန်းတည့်ချိန်တွင် နေဝင်သည်’ ဖြစ်နေ၍ သောင်းဒန်ခမျာ အဆဲခံလိုက်ရသည်မှာ သောက်သောက်လဲ။ သည်တော့လည်း ဖိုးသံခဲ အာရုံစိုက်

mgyoe.com

mgyoe.com SAMPLE BOOK

နားထောင်သည်မှာ အလွန်မဟုတ်ပြန်။

မယ်စန်းယုံကတော့ ဖိုးသံခဲ နွားစာစဉ်း ရပ်လိုက်သည်ကို နွားချေးကျုံး နေရာမှ လှမ်းကြည့်လိုက်သည်။ မည်သည့် အပြစ်တင်စကားကိုမျှဖြင့် မဆိုမိချေ။ ဆိုလည်း ရတော့မည်မဟုတ်။ တရားဖက်ရမည့် အချိန်မှာ ရူပါယတန စက္ခုဝိညာန လုပ်ချင်လှချေရဲ့ဟု မချင့်မရဲ ဖြစ်မိသည်။ မယ်စန်းရုံ သည်သို့ဆိုလေတိုင်း ဖိုးသံခဲ ဘက်ကလည်း "မရှုတတ်တော့ တဏှာ၊ ရှုတတ်တော့ ဘာဝနာဟ စန်းယုံရ"ဟု ချေပလေ့ရှိသည်။

သားသမီးနှစ်ယောက်ကလည်း အိမ်ထောင်ရက်သား ကျပြီးသည်နှင့် လင့်ရွာလိုက်သူလိုက်၊ မယားရွာ လိုက်သူလိုက်ဖြင့် ပါသွားကြသည်မို့ ဖိုးသံခဲနှင့် မယ်စန်းယုံတို့ လင်ကိုယ်မယား နှစ်ဦးတည်းသာ ရှိကြသည်။ ရှိသည့်နှစ်ဦးကလည်း တစ်စရိုက် တစ်ဘာသာစီ။ ဖိုးသံခဲက ပျော်ပျော်နေသည်။ ဗွီဒီယိုကြည့်ရခြင်းကို ကြိုက်သည်။ ဖိုးသံခဲ၏ အသည်းစွဲမင်းသားက ရဲကိုကို။ ရဲကိုကိုနှင့် လင်းဇာနည်ဇော် တဲ့ပေ့ဆိုလျှင် ဖိုးသံခဲမှာ ဘုရားရှိခိုးရသည်ကိုပင် စိတ်မဖြောင့်တော့။ မြစ်ခြေ ကမ္ဘသို့ သောင်းဒန် ဗွီဒီယိုအခွေ သွားငှားတိုင်း ရဲကိုကိုဇာတ်ကား ငှားခဲ့ဖို့ ဖိုးသံခဲ အမြဲမှာတတ်သည်။

"ရဲကိုကိုချည်း ငှားလို့တော့ ဘယ်ဖြစ်ပါ့မတုံး ဘကြီးသံခဲရာ။ ရွာထဲမယ် ရဲကိုကိုပရိသတ် ရှိသလို၊ ရဲမင်းပိုင်ပရိသတ်လည်း ရှိသာပဲ။ ကျော်ဟိန်းကြိုက်သဲ့ သူကလည်း ကျော်ဟိန်း ကြည့်ချင်အုံးမှာပေ့ါ။ တပြောင်းတလဲလေးတော့ လုပ်ရအုံး မယ် ဘကြီးရေ့"

သောင်းဒန်က သည်သို့ဆိုလျှင် ဖိုသံခဲ မကျေနပ်ချင်တော့ပြီ။ "အေးပေါ့ ကွာ။ မင်းက ရုံပိုင်ကိုးကွ။ မင်းပြသဲ့ဟာ ကြည့်ရမှာပေ့ါ။ ငါကလည်း မတတ်နိုင်လို့သာ နေရသယ်။ တတ်များ တတ်နိုင်လို့ကတော့ ရဲကိုကို ကို ငါ့အိမ်ခေါ်ထားပြီးတော့ကို တံခါးပိတ်ပြီး ကြည့်နေလိုက်ချင်သာ။ ရဲကိုကိုသာ ငါ့အိမ် လိုက်မယ်ဆိုလို့ကတော့ စန်းယုံကြီးနဲ့ပဲ လဲရ လဲရ လဲနိုင်သယ်" ဆိုတာမျိုး အငေါ်တူးတတ်သည်။ ထို့ကြောင့် လည်း ဖိုးသံခဲကို မယ်စန်းယုံက "ရဲဂဲဂဲ"ဟု အမည်ပေးထားလေသည်။

မယ်စန်းယုံကျတော့ ထိုသို့မဟုတ်။ နူတ်စွာသည်။ အပြောအလွယ်သည်။ နေရာတကာ လူစွာလုပ်လိုက်ရမှ ကျေနပ်သူ။ ထို့ကြောင့် ဖိုးသံခဲကလည်း မယ်စန်းယုံကို "ပါလေရာ မစန်းယုံ"ဟု သမုတ်ထား၏။ လင်စုံမယားဖက်သည့် စရိုက်ဘာသာချင်း ဝသီချင်း မတူကြသည့်တိုင် ပေးကမ်းရက်ရောတတ်သည့်
mgyoe.com

mgyoe.com

နေရာမှာတော့ တူကြသည်။ သဒ္ဒါညီမျှ ဒါနဘက်တူ မငြူစူစတမ်းရှိကြသည့် သဒ္ဒါတောင်ပံမြူး နှစ်ဖြာမောင်နှံ နှစ်ဦးပေတကား။

မယ်စန်းယုံသည် လက်ထဲမှ နွားချေးကျုံး လက်ပက်ကို နွားစာစည်းခြေသို့ လှမ်းပစ်လိုက်သည်။ ဤသည်မှာ မယ်စန်းယုံ၏ ပစ္စည်းသိမ်းဆည်းနည်းပင် ဖြစ်၏။ ထို့နောက် နွားချေးကျုံးတောင်းကို ခွေ့ခနဲ ကောက်မကာ နွားချေးကုန်းပေါ်သို့ သွားပုံသည်။ မယ်စန်းယုံသည် အရွယ်ထောက်သည့်တိုင် ဆိုးဆိုးဆတ်ဆတ် ဖျတ်ဖျတ်လင်လင် ရှိနေဆဲပင်။

"ဟဲ့ ဟဲ့ ပလုတ်တုတ်"

မယ်စန်းယုံ နွားချေးကုန်းနားအရောက်တွင် မြောက်ဘက်အိမ်မှ ကြက်ဖကြီးတစ်ကောင်သည် ထန်းလက်စည်းခရိုးကို ခုန်ပျံကျော်လွှားလာသည်။ အလန့်တကြား ခုန်ပျံပြေးတက်လာသည့် ကြက်ဖကြီးသည် အကြောက်လွန်နေသဖြင့် မယ်စန်းယုံကိုပင် မြင်ဟန်မတူ။ စည်းခရိုးကိုအလွန် အောက်ပြန်အကျ၌ မယ်စန်းယုံ လက်ထဲရှိ နွားချေးကျုံးတောင်းထဲသို့ ခေါင်းစိုက်တိုးဝင်လာသည်။ မယ်စန်းယုံသည် ထိတ်ထိတ်ပျာပျာဖြစ်သွားကာ နှုတ်မှယောင်ရမ်းအော်ဟစ်၍ အာမေဋိတ်ပြုလိုက်ရင်း နွားချေးကျုံးတောင်းကိုပါ ဖျတ်ခနဲ လွှင့်ပစ်လိုက်မိသည်။

"လိုက်ပါဟာ ပဲညှာရ။ ဟိုကောင်မ မိဂွက်က ကြက်ကို လိုက်မဖမ်းဘဲနဲ့ အဲဒီ မီးဖိုနားမှာ ရပ်ပြီး ဘာလုပ်နေသာတုံး။ ကြက်ကို မတ်တပ်ရပ်နေရာက ဖမ်းလို့ရမလား။ ငါ ကြက်ကိုမပစ်ဘဲ ညည်းကို ပစ်ထည့်လိုက်ရမလား"

ကိုပေါ်တာသည် မယား မပဲညှာကို အော်ဟစ်ပြောဆိုရင်း သမီးဖြစ်သူ မိဂွက်ကိုပါ ကြိမ်းဝါးလိုက်သည်။ ကိုပေါ်တာ့လက်ထဲတွင် လောက်လေးခွ တစ်လက်ရှိပြီး ခါးပုံစထဲတွင် လောက်စာလုံးတစ်ဆုပ် ထည့်ထားသေး၏။ လောက်လေးခွသည် ကိုင်ဖန်များသဖြင့် ချောမွေ့ ပြောင်လက်နေသည်။ လောက်စားလုံးများသည်လည်း နှယ်နှယ်ရရ မဟုတ်။ ရွာတောင်ဘက် မိုးနတ်ကန်တွင်းမှ နွံ့ကိုခူး၍ အကျအနလုံးပြီး နေလှန်းထားသည့် လောက်စာလုံးများ ဖြစ်သည်။ ကန်နွံ့သည် နေလှန်းနိုင်လေ မာကျစ်လေဖြစ်သဖြင့် သည်လောက်စာလုံးဖြင့် အပစ်ခံလိုက်ရလျှင်လည်း မသက်သာ။ ထိပ်ပေါက်ခေါင်းကွဲ ဖြစ်ရင်ဖြစ်။ မူးကာ မေ့ကာ လဲရင်လဲ ဖြစ်ပေမည်။ ကိုပေါ်တာ၏ လောက်လေးပစ်လက်ဆကလည်း တစ်ဖက်ကမ်းခတ်။ ဆင်ဆိုဆင်၊ ဆိတ်ဆိုဆိတ်၊ ငှက်ဆိုငှက် ကြွက်ဆိုကြွက်။ တန်းနေအောင် ပစ်တတ်သူမျိုး။

ထို့ကြောင့် မိဂွက်သည့် အဖေ့ကိုတော့ ကြောက်သည်။ အဖေက

mgyoe.com

mgyoe.com SAMPLE BOOK

ရှေ့နောက်စဉ်းစားနေသူ မဟုတ်။ ပြောလျှင်ပြောသလို လုပ်တတ်သူဖြစ်၏။ ပစ်မည်ဆိုလျှင် တကယ်ပစ်တတ်သူ။ ရိုက်မည်ဆိုလျှင် တကယ်ရိုက်တတ်သူ။ သည်တော့ မိဂွက်လည်း မီးဖိုနံဘေးကပ်ပြီး မတ်တပ်ရပ်နေရာကနေ ကြက်ပြေးရာနောက် အပြေးအလွှား လိုက်ရတော့သည်။ အမှန်တော့ မိဂွက် မီးဖိုနံဘေးရပ်နေသည်မှာ ကြက်ဖမ်းရန်အတွက် ရပ်နေသည်မဟုတ်။ အနောက်ဘက်အိမ်မှ ကိုကျောက်နီ နွားစာစဉ်းနေသည်ကို လှမ်းချောင်းနေခြင်းပင်ဖြစ်၏။ ညနေစောင်းတိုင်း ကိုကျောက်နီ နွားစာစဉ်းသည်ကို ယင်းသို့ချောင်းရသည်မှာ မိဂွက်၏ နေ့တဓူဝအလုပ်။ နွားစာစဉ်း ခြေနင်းစက်ခုံပေါ်တွင် စွင့်နေအောင်ထိုင်ကာ မြက်စို မြက်ခြောက်၊ ပြောင်းရိုး နှမ်းရိုးတို့ကို ဖြောင်းခနဲ ဂျိုင်းခနဲစဉ်းတတ်သည့် ကိုကျောက်နီကို မိဂွက် ချောင်းမကြည့်ဘဲ မနေနိုင်။

ဒူးအထက်ထိ တိုနှောင့်နေအောင် ဝတ်ထားသည့် ကိုကျောက်နီ၏ ပုဆိုးနံငယ်ပိုင်းသည် စက်ခုံခြေနင်းကို တစ်ချက်နင်းလိုက်တိုင်း လွင့်ခနဲ လွင့်ခနဲ ရှိ၏။ ထိုအခါ ပုဆိုးအောက်မှ ကြွက်သားမြှောင်းမြှောင်းထနေသည့် ဖွံ့ထွားတုတ်ခိုင်လှသည့် ပေါင်လုံးညိုညို တုတ်တုတ်ကြီးများသည်လည်း ရိပ်ခနဲ ရိပ်ခနဲ။ ဤသည်မှာပင် မိဂွက်ရင်ကို လှိုက်ခနဲ နွေး၍ ရှက်သွေး ဖိုစေသည်။ ချွေးသံတစ္ရွဲရွဲဖြင့် ပြောင်လက် ညိုမောင်းနေသည့် ကျောပြင်ကျယ်ကြီးကိုလည်း မိဂွက် ရင်ခုန်သည်။ ရံဖန်ရံခါ ကိုကျောက်နီသည် ဖျင်ကြမ်းအင်္ကျီအညိုကွက်ကြဲလေးကို ဝတ်ဆင်တတ်သေး၏။ ထိုအင်္ကျီလေးများဝတ်ထားလျှင် ကိုကျောက်နီသည် အလွန်ကြည့်ကောင်းသည်ဟု မိဂွက်ထင်မိသည်။ အဖေ ကြက်ဝယ်သွားသည့် အချိန်များဆိုလျှင် မိဂွက် အဖို့ ပို၍လွတ်လပ်သည်။ ယင်းအခါမျိုးတွင် မိဂွက်သည် ကိုကျောက်နီကို လှမ်းကြည့်နေကြောင်း သိသာစေရန် အသံပြုတတ်သေးသည်။

"အလှူ့အစ်မကြီး ဝိသာခါ.... စေတနာတွေ နှမြောလိုက်တာ..."

ထိုသို့ ပါးစပ်ထဲတွေ့ကရ အမှန်မဟုတ်သည့် သီချင်းကို နှာခေါင်းသံဖြင့် ခပ်ချွဲချွဲ ခပ်ကျယ်ကျယ်လေးဆိုကာ အသံပြုလိုက်လျှင် ကိုကျောက်နီသည် မိဂွက်ဘက်သို့ လှမ်းကြည့်တတ်၏။ ကိုကျောက်နီနှင့် အကြည့်ချင်းဆုံလျှင် မိဂွက်က လျှာထုတ်ပြ၏။ မျက်လုံး ပြူးပြ၏။ ထိုအခါ ကိုကျောက်နီက မြက်ထုံးကြားတွင် ထိုးထားသည့် တံစဉ်ကို ဆွဲယူကာ ထောင်ပြတတ်သည်။ ယင်းအပြုအမူများဖြင့် ဟန်ပြဆက်သွယ်နေစဉ် အမ(အမေ)နဲ့ မိလျှင်တော့ မိဂွက် မသက်သာ။ ခေါင်းရှေ ပေါက်မတတ် အခေါက်ခံရတတ်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

"ကောင်မ။ မရှုမကောင်းနဲ့ အစမွ လင်လိုချင်နေသာလား။ ဟိုကောင်မြင် လည်း ချောင်း၊ သည်ကောင်မြင်လည်း ချောင်းနဲ့။ ညည်းက ငါတို့ကို အင်မတန် အရှက်ခွဲသဲ့ မိန်းမ။ နေနှင့်အုံး။ ညည့်ဖအေ ပြန်လာမှ မထနိုင်အောင်ကို ရိုက်ခိုင်း ပစ်မှာ။ ညည်း လင်တော့ ရမှာမဟုတ်ဘူး။ ညည့်ဖအေရဲ့ ထနပ်ပြားစာ မိပြီသာမှတ်"

သို့ဆိုလျှင် မိဂွက် မကျေနပ်တော့ပေ။ ကိုကျောက်နီကို ချောင်းနေရာမှ အိမ်ဘက်သို့ ပြန်လှည့်ရသည်။ သို့သော် နှုတ်ကဖြင့် ကမ္ဘဝါဖတ်သလို မကျေနိုင် မချမ်းနိုင် တဖွဖွ။

"လင်ပဲ။ မလိုချင် ရှိပ့ါမလား။ သူကျတော့ လင်ယူလို့တောင် ငါ့ကို မွေး ထားပြီးတော့။ အစမွ မတရားလိုက်သဲ့ ဟာတွေ။ နေနှင့်အုံးပေါ့။ မိဂွက်သာ လင်ရ လို့ကတော့ ဟောဒီ ကိုပေါ်တာနဲ့ မပဲညာအိမ် တစ်စက္ကန့်တောင် မနေဘူးမှတ်"

မိဂွက်က အဖေ့ကို ကြောက်သော်လည်း အမကိုတော့ မကြောက်။ ထို့ ကြောင့်လည်း နှုတ်လှန်ထိုးဝံ့ခြင်း ဖြစ်သည်။ အဖေ့ကိုသာ ဒါမျိုး သွားပြောမိလျှင်ဖြင့် မိဂွက်တို့ ကျောစုတ်လိုက်မည့် ဖြစ်ခြင်း။ ယခုလည်း အဖေ့သြဇာသံကြောင့် အမေ ကြီးစန်းယုံတို့ အိမ်ဘက်သို့ အပြေးတစ်ပိုင်း ကူးလိုက်ရသည်။ ဟော...။ကြက်ဖကြီးက အမေကြီးစန်းယုံကို ဝင်တိုက်လိုက်သည်ကိုလည်း မိဂွက် မြင်လိုက် ရ၏။

"အမေကြီး စန်းယုံရေ။ ကြက်ဖကြီးကို ဆီးဖမ်း လိုက်စမ်းပါတော့။ အုပ်ထည့်လိုက်။ အုပ်ထည့်လိုက်။ လက်ထဲက နွားချေးကျုံးတောင်းနဲ့ အုပ်ဖမ်းပစ် လိုက်။ ဟောတော် ဟောတော်။ အရေးထဲ တောင်းက လွတ်ကျသွားရသေး။ ပြေးပြီ အမရေ။ အိမ်ဘက်ကို ကြက်ကြီး ပြန်ပြေးလာပြီ။ အဖေ့ဆီ တည့်တည့်လာနေတယ်။ ဖမ်းလိုက် ဖမ်းလိုက်"

မယ်စန်းယုံ ဝိုင်းတိုက်တစ်ခုလုံး မိဂွက်အသံက လွှမ်းနေ၏။ မိဂွက်သည် နှုတ်ကအော်၊ ခြေက ပြေးရာမှ မယ်စန်းယုံ ရှေ့တည့်တည့်သို့ ရောက်လာသည်။ ထိတ်ထိတ်ပျာပျာဟန်ဖြင့် ရပ်နေသည့် မယ်စန်းယုံကို မျက်စောင်းတစ်ချက် ချီလိုက် ကာ၊ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုသကဲ့သို့ မိဂွက်သည် မယ်စန်းယုံကို ခရီးဦးဆိုက် အပြစ်တင်စကား ဆိုလိုက်သေးသည်။

"အမေကြီးစန်းယုံနှယ်။ ဖျင်းစင်းရန်ကော။ ကိုယ့်ဝင်တိုးတဲ့ ကြက်ကိုတောင် မိအောင် မဖမ်းလိုက်နိုင်ဘူး"

"မိန်းမရဲ့။ ညည်းကြက်ကိုများ ငါက ဖမ်းပေးရအုံးမလားအေ့။ ဘယ့်နှယ့် အေ။ ကြက်တိုးလို့မှ မထိတ်သာမလန့်သာ ရှိရတဲ့အထဲ ညည်းက အပြစ်ဆိုရတွယ်

mgyoe.com SAMPLE BOOK

ရှိသေး။ အိမ်ရှင်ဇည့်ထောင်း ယာရှင်မျောက်မောင်းဆိုသာ ညည်းမှအစစ်"

မပဲညာသည် ဒွေစန်းယုံနှင့် မိဂွက်၏ စကားအချေအတင်ကို ကြားသဖြင့် မိဂွက်ကို လှမ်းအော်လိုက်ရသည်။ ဒွေးစန်းယုံကိုလည်း မရှုမကောင်းစကားမို့ ဗွေနာ မကောက်ဖို့ရန် ကိုယ့်အိမ်ဘက်ကနေ လှမ်းတောင်းပန်လိုက်ရသေးသည်။ တောင်းပန်မှဲ့သာ တောင်းပန်ရသည်။ ဒွေးစန်းယုံက မိဂွက်အပေါ် သံယောဇဉ် တင်းရှာပါသည်။ အကြောင်းသိတွေမို့ ခွင့်လွှတ်သည်ချည်း။ မိဂွက်ကလည်း ပြောချင် ရာပြော လုပ်ချင်ရာလုပ်တတ်သည့်တိုင် ဖိုးသံခဲတို့ ဒွေးစန်းယုံတို့၏ ဝေယျာဝစ္စများ ရှိလာလျှင် သိုးသိုးသွက်သွက် လုပ်ပေးတတ်၏။ ခိုင်းလိုက်လျှင် ဖင်ပေါ့၏။ နှစ်ယောက်သား၏ ဝသီခပ်ဆိုးဆိုးကြောင့်သာ စကားချေတင် ဆိုနေကြသော်လည်း သင်းတို့စိတ်ထဲက မပါကြမှန်း မပဲညာ သိပါသည်။

သို့လင့်ကစား မိဂွက်ကိုဖြင့် မပဲညာ ဆူရဦးမည်။ သည်ကောင်မနှင့် ခက်လှသည်။ အရာရာတွင် စိတ်ဖြောင့်ရသည် မရှိ၊ အသိစိတ်လေးက မပြည့်တပြည့် ရှိရသည့်အထဲ အပြောအဆိုပါ မတတ်သည်ကြောင့် အမြဲဆူရ ငေါက်ရသည်။ ပိုဆိုးသည်က ယောကျ်ားလေးမြင်လျှင် ပရောပရီ နေချင်မှုပင်။ မပဲညာ မထိန်းကွပ်၍ ဖြင့် မဟုတ်။ မိဂွက်၏ မွေးသန္ဓေ မွေးဗီဇကိုက ဤသို့ဤနှယ်။

သည့်အတွက်ကြောင့် မိဂွက်ကို မျက်ရှုမျက်ကွယ်အရပ်သို့ တစ်ယောက်တည်း မလွှတ်ရဲချေ။ အိမ်မှာသာ ထမင်းချက် ရေခပ်ခိုင်းပြီး အရိပ်အချေတကြည့်ကြည့် ထားရသည်။ မျက်ကွယ်ရာအရပ်သို့ လွှတ်လိုက်ပြီး တစ်စုံတစ်ရာဖြစ်လာမှ ကိုယ်ကျိုး နည်းရပေလိမ့်မည်။ အနောက်ဘက်အိမ်က မောင်ကျောက်နီကို လှမ်းလှမ်းပြီး မ,သံပေးတတ်သည့်အတွက်လည်း ဖအေဖြစ်သူ မသိအောင် အူကြောလိမ်၊ ငယ်ထိပ် ခေါက်ရတာလည်း အကြိမ်ကြိမ်။ ကိုပေါ်တာများ သိလျှင်ဖြင့် မိုးမီးလောင်လိုက်မည့် ဖြစ်ခြင်း။ ကိုပေါ်တာက တဇွတ်ထိုး တစ်ဖက်ပေါက်သမား။ ပတ်ဝန်းကျင်ရယ်လို့ သိပ်ထည့်တွက်သူ မဟုတ်။ သမီးရယ်လို့ ဆုံးမသည်နှင့်မတူ။ အိမ်ကျော်ဝိုင်းကျော် ကြားအောင်အော်ပြီး ရိုက်တတ်သည်။ သည်တော့ ဖအေ တစ်ဇောက်ကန်းနှင့် သမီးပေါက်ပန်းလေးဆယ်ကြား မပဲညာသာ စိတ်ဆင်းရဲရသည်။

မတော်၍များ ကိုယ်ကအရင် မျက်ကွယ်ပြုခဲ့ရလျှင် သင်းတို့သားအဖ ဘယ်သို့ဘယ်ပုံ စခန်းသွားကြလေမလဲလို့ တွေးရင်းမောရတာလည်း နိစ္စဓူဝ။ ကိုပေါ်တာက ဘေးရွာတွေလှည့်ပြီး ကြက်ဝယ်လိုက်သည်။ ဝယ်လာသည့် ကြက်တွေ ကို မိုးမလင်းခင်မှာပင် ထိပ်ခေါက် ရေနွေးဖျော အမွေးနှုတ်သည့် သားသတ်အလုပ်ကို

mgyoe.com

mgyoe.com SAMPLE BOOK

လုပ်ကိုင်သူ။ သည်အလုပ်ကလွဲ၍ တခြားအလုပ်လည်း မလုပ်တတ်ရှာ။ သည်တော့ မပဲညှာအနေနဲ့လည်း ဆင်ပြောင်ကြီးသွားရာ ဆင်မယဉ်သာ လိုက်ရတော့သည်။ ကိုပေါ်တာ ခေါက်ထားသည့် ကြက်များကို နေထွက်တပြုအချိန်တွင် မြစ်ခြေဈေးသို့ သွားရောင်းရသည်။ ဤနည်းဖြင့်ပင် မိသားစု ဝမ်းကျောင်းခြင်းအမှုကို ပြုကြရ၏။

ပျော်၍လုပ်ရသည်ဖြင့် မဟုတ်ပါ။ ငရဲအိုးနှုတ်ခမ်းပေါ် နင်းပြီး ရှာဖွေစားသောက်ရသည့် အလုပ်မှန်း မပဲညှာ သိပါသည်။ သို့သော်လည်း ဤသို့ အကြောင်းပါလာတော့ ဤနည်းဖြင့်သာ အသက်မွေးရတော့သည်။ တစ်ဖက်ကောင်း စားဖို့ တစ်ဖက်ပျက်စီးပေးရသည့် အဖြစ်ကို သိသိကြီးနှင့် ဖက်တွယ်ခဲ့ရသည်မှာ မိဂွက်တစ်သက်ပင် ရှိခဲ့ရပြီ။ မပဲညှာမှ ဤသို့ ရှာမကျွေးလျှင်လည်း ကိုပေါ်တာနှင့် မိဂွက်တို့အဖို့ "အူမ ကန္တာ၊ လျှာလွှာ ဖုန်းဆိုး" ဖြစ်ကြရုံသာ ရှိတော့သည်။ ယင်းကြောင့်လည်း မပဲညှာသည် သူတို့သားအဖကို နောက်ဆံတင်းမိခြင်းဖြစ်၏။

"အဲသည်ကြက်ကို မိမှာ မဟုတ်တော့ပါဘူး မောင်ပေါ်တာရယ်။ ပိုက်နဲ့ ဖမ်းမှ ရတော့မှာ။ သွား သွား။ တော်က မီးဖိုနားက ကန္တာရပင်ခြေမှာ ပိုက်သွားထောင်နှင့်။ ကျုပ်နဲ့ မိဂွက်က ပိုက်ရှိတဲ့ဘက်ကို ကြက်မောင်းခဲ့မယ်"

အမက ကြက်မောင်းရမည်ဆိုသဖြင့် မိဂွက်လည်း အမေကြီးစန်းယုံ၏ အိမ်ဘက်ကနေ ကိုယ့်ဝိုင်းတိုက်ဘက်သို့ ပြန်ကူးလာခဲ့သည်။

မယ်စန်းယုံလည်း လွတ်ကျသွားသည့် နွားချေးကျုံးတောင်းကို ပြန်ကောက်ပြီး သိမ်းဆည်းလိုက်၏။ အိမ်မကြီးဘက်သို့ ပြန်အရောက်တွင် စဉ့်အိုးကြီးထဲမှရေကို ရေမှုတ်ဖြင့် ခပ်ယူလိုက်ကာ လက်ကိုလောင်းဆေးလိုက်သည်။ ဝမ်းထဲကလည်း တကျုတ်ကျုတ် မြည်လာပြီမို့ ခေါင်းပေါင်းကိုဖြုတ်ကာ မီးဖိုထဲသို့ တန်းဝင်လိုက်၏။

"ရဲဂဲဂဲရေ။ အေ ကိုရဲဂဲဂဲ။ လာ လာ။ ထမင်းလေး တစ်လုတ်တစ်ဆုပ် မျှိုကြအုံးစို့ရဲ့"

မယ်စန်းယုံက ဖိုးသံခဲကို လှမ်းခေါ်သော်လည်း ဖိုးသံခဲ၏ တုံ့ပြန်သံကို မကြားရ။ အရိပ်အယောင်ကိုမျှ မမြင်။ ထမင်းအိုးအဖုံးကို ဖွင့်ကြည့်လိုက်တော့ ခူးခပ်ထားသည့်အရာက တစ်ဝက်ကျိုးနေပြီ။ ဒါ ထမင်းစားပြီး ဗွီဒီယိုရုံသို့ ထွက်သွားပြီဖြစ်ကြောင်း မယ်စန်းယုံ သဘောပေါက်လိုက်သည်။ မယ်စန်းယုံလည်း ထမင်းစားပြီးသည်နှင့် တောင်နားဝိုင်းတိုက်က ရွှေဘော်တို့ ပိုးစာတို့အိမ်ဘက်သို့ ထွက်လာခဲ့သည်။ ပိုးစာတို့ အိမ်ရှေ့တလင်းမှာ ကွပ်ပျစ်ကြီး ထိုးထားသည်မို့

mgyoe.com

mgyoe.com SAMPLE BOOK

ညတိုင်လျှင် လူစည်သည်။ သတင်းစကား အတင်းစကား စုံသည်။ ရပ်ရေး ရွာရေး ဆွေးနွေးကြသည်။ တိုင်းရေး ပြည်ရေး တစ်စွန်းတစ်စ ကြားရသည်။ ဖိုးသံခဲ ဗွီဒီယို ကြိုက်သလို၊ မယ်စန်းယုံကလည်း စကားဖောင်ဖွဲ့ရတာကို သဘောတွေ့သည်။ ထို့ကြောင့်လည်း ပိုးစာတို့အိမ်ဘက်သို့ ထွက်လာခဲ့ခြင်း ဖြစ်လေသည်။ ကိုယ့်အစွဲနှင့် ကိုယ် မွေ့လျော်ရာစခန်း လှမ်းကြသူချည်း။

ပိုးစာတို့ ဝိုင်းတိုက်ထဲ ရောက်ချိန်တွင် ကွပ်ပျစ်ပေါ်၌ လူအတန်စုံနေပြီကို မယ်စန်းယုံ တွေ့လိုက်ရသည်။ ပိုးစာသည် မယ်စန်းယုံကို မြင်သည်နှင့် "တို့ဒွေး စန်းယုံကြီး သည်ည နောက်ကျလှချေလား" ရယ်လို့ စကားဖြင့် ခရီးဦးကြိုပြုလေ၏။ မနက်ခင်းက သမဆိုင်ထဲတွင် စကားခင်း များခဲ့ကြသည်မှာ သူတို့ မဟုတ်ကြသည့် အတိုင်းပင်။ ဤသို့ ပြေလွယ် ကျေလွယ်ကြသည့် ကျေးတောသူ ကျေးတောသား များပါပေ။

ကွပ်ပျစ်ဘေးသို့ မယ်စန်းယုံ ရောက်သွားသည့်အခါ နတ်ဝင်သည် မယ်ဇာ ပွင့်က မယ်စန်းယုံ ထိုင်သာစေရန် ဘေးသို့ တိုးဖယ်ပေး၏။ ကွပ်ပျစ်ဝိုင်း အတွင်းသို့ မယ်စန်းယုံ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။ နတ်ဝင်သည် မယ်ဇာပွင့်အပြင် ရွာလူကြီး ဖိုးပန်းဦးနှင့် မယ်ကျေးညိုတို့ လင်မယား၊ သမစာရေး ကိုပန်းကုံး၊ ရက်ကန်းရက်သည့် မကြာနု၊ လူပျိုကြီး ကိုရေမှုတ်၊ အပျိုကြီး ရှင်ဇီးပု၊ အိမ်ရှင်များ ဖြစ်ကြသည့် ရွှေဘော်နှင့် ပိုးစာတို့မောင်နှံ။ ဤသည်မှာ ကွပ်ပျစ်ဝိုင်း အဖွဲ့တော် သားများပင် ဖြစ်ကြ၏။ ထိုသူများ၏ စကားဝိုင်းသည် မယ်စန်းယုံ ရောက်သွားချိန်တွင် ခေတ္တတုံ့သွားကြသည်။ တအောင့်အကြာတွင်မှ မယ်ဇာပွင့်က စကားဝိုင်းကို ပြန်လည်နှိုးဆွ အသက်သွင်းလိုက်၏။

"တိုင်းရေးပြည်ရာ မသောင်သာတော့ လုပ်ကိုင်စားလို့လည်း မကောင်းပါ ဘူးအေ။ ဘယ်သူ့ ကြည့်လိုက်ကြည့်လိုက် အဆင်မပြေကြသူက ခပ်များများရယ်။ ကိုယ့်ထမင်း ကိုယ်ရှာစားရသာတောင် နောက်ကျောလုံရသာ မှတ်လို့၊ ဘယ်ချက်မှာ လက်ထဲက ထမင်းလုတ် ပုတ်ချခံရမတုံးပဲ ထိတ်နေရသာ"

"အမယ်လေးဗျာ။ ဒွေးဇာပွင့်ကများ ခြုံသံပါအောင် ညည်းတွားနေရတယ် ရှိသေး။ ဒွေးဇာပွင့်အလုပ်က 'အရင်းမစိုက် လှေထိုးလိုက်' ဆိုသာမျိုးကို။ နတ်က လေးပင့်ပြီး တင်ပေးမြှောက်ပေး ဟောပေးပြောပေးရုံနဲ့ အိတ်ထဲငွေဝင်သဲ့ဟာ။ ဘယ့်နှယ့်ကြောင့်များ ခိုညည်း ညည်းနေရသတုံး။ ဒွေးဇာပွင့်ထက် ဟန်ကျသာ ဘယ်သူရှိတော့သာမှတ်လို့"

mgyoe.com

mgyoe.com SAMPLE BOOK

မယ်ဇာပွင့်၏ ရေရွတ်ညည်းတွားသံ အဆုံးဝယ် ရေမှုတ်က ဝင်ထောက်သည်။ မယ်ဇာပွင့်၏ ကိုယ်လုံးလေး ဆတ်ခနဲတွန့်သွားသည်။ ညလရောင် ရေးရေးအောက်မှ ရေမှုတ်၏ ခပ်ဝါးဝါး အရိပ်အယောင်ကို လှမ်းကြည့်လိုက်၏။ သဲသဲကွဲကွဲကား မမြင်။ အမှောင်အား ပိုနေသည်ကတစ်ကြောင်း၊ အရွယ်ရ အသက်ထောက်ပြီမို့ အမြင်အာရုံ ဝေဝါးမှုန်ရီနေသည်က တစ်ဖုံကြောင့် ရေမှုတ်ရှိရာဆီ အတော်လေး စူးစိုက်ကြည့်လိုက်ရသည်။ စိတ်ထဲမှာလည်း ရေမှုတ်၏အပြောကို မကျေနပ်လှ။

"ဟဲ့ကောင် မောင်ရေမှုတ်ရဲ့။ မင့်နှယ့်ကွယ်။ အရင်း မစိုက်ရတဲ့အလုပ် လုပ်သာနဲ့ပဲ ပြေလည်ရောတဲ့လား။ ဘုန်းကြီး ဆွမ်းရမှ၊ ကပ္ပိယ ဝမ်းဝဆိုသာလိုပေ့ါ။ ရွာထဲရှိသမျှလူ ပြေလည်မှ ငါလည်း အပေါအပြော အတင်အမြောက်လေး လိုက်ရတော့မပေ့ါ။ မပြေလည်တဲ့အိမ်အဖို့ နတ်ကိုးဖို့ နေနေသာသာ။ ခမျာမျှား တောင် အူတင်း, ဝင်း(ဝမ်း)မာဖို့အရေး မနည်းအားထုတ်ကြရရှာသာ။ ဇာပွင့်တို့က လည်း မပြေလည်တဲ့အိမ်က ဆက်တဲ့နတ်စာတော့ မကောက်ရက်ပေါင်။ မကောက်ချင်ပေါင်။ တင်သာ မြှောက်သာချင်း တူအုံးတော့ ပြေလည်တဲ့အိမ်က နတ်စာ ကောက်ပြီး စားရသာကို မျိုကျသေးရဲ့။ အပူစာ မျက်ရည်စာများတော့ ဇာပွင့်တို့က ဝေးဝေးက ရှောင်သယ်ဟေ့"

မယ်ဇာပွင့်သည် ရေမှုတ်ကို ချေပလိုက်၏။ ဟုတ်လည်း ဟုတ်ပေသည်။ ကိုယ့်ရေကိုယ့်မြေ စည်ဖြိုးဝေဆာမှ နယ်သူနယ်သားများအဖို့ ဝပြောသာယာကြမည်သာ။ မယ်ဇာပွင့်အနေနှင့်လည်း ရေမှုတ်ပြောသည်ကိုကား ဘူးလုံးလုံးခါ၍ မငြင်းသာပြန်။ တစ်ရွာလုံးတွင် နတ်ကိုးနတ်တင်ဟူ၍ မယ်ဇာပွင့် တစ်ယောက်တည်းသာ ရှိသည်။ သည်တော့လည်း စိုသောလက်သည် ခြောက်သည်ဟူ၍ မရှိ။ ပြေလည်သူ့အိမ်က ရှိပြီးသားစည်းစိမ်ကို တိုးအောင်ပွားအောင် တင်တတ်မြှောက်တတ်ကြသကဲ့သို့၊ တစ်ဝမ်းတစ်ခါးတွက်ပင် အသက်ငင်ငင် ရွှေရင်လှိုက်လှိုက် မျက်ဖြူဆိုက်အောင် ရုန်းကြကန်ကြရသည့် ချို့တဲ့နွံချာသူများ ကျပြန်တော့လည်း သောင်သာနိုး ပြေလည်နိုးနဲ့ မျှော်ကိုးပသတတ်ကြ၏။ ကျန်းမာရေး ချူချာတော့လည်း မယ်ဇာပွင့်ကိုပဲ ခိုကိုးကြရသည်။ စီးပွားရေး မပြေလည်တော့လည်း မယ်ဇာပွင့်နှင့်သာ တင်ကြမြှောက်ကြ ဆုတောင်းကြရသည်။ ကုန်ကုန်ပြောရလျှင် လူမှုရေး၊ အိမ်ထောင်ရေး၊ ပညာရေး အရာအားလုံးတွင် မယ်ဇာပွင့်နှင့် ကင်းနိုင်သူမရှိ။ သည်တော့လည်း မယ်ဇာပွင့်အဖို့ ဘယ်သူအဆင်ပြေပြေ မပြေပြေ၊ နေမယ်ဆိုလျှင် နေသာသပ့ါ လေညာက ဆိုသကဲ့သို့ပင်။

mgyoe.com

mgyoe.com SAMPLE BOOK

သို့သော် မယ်ဇာပွင့်က ရသမျှ အိတ်ထဲ ထည့်လိုက်မဟဲ့ ဆိုသူမျိုးဖြင့် မဟုတ်ပါ။ မယ်ဇာပွင့်သာ ရကောင်းစေ့အောက်မေ့ပြီး ရသမျှသိမ်းကျုံးယူလျှင် ရှင်မီးအကျီအိတ်နှင့်ပင် ဆံ့လိမ့်နိုးလား။ တောသူတောင်သားဆိုသည်ကလည်း အရှင်တို့သခင်တို့ကို အလွန်တရာ ကိုးစားတတ်ကြသကဲ့သို့၊ ရပ်ခလေ့ ရွာခလေ့ အရလည်း ပစ်ပယ်ကောင်းသည့် ရိုးရာများ မဟုတ်ကြပေ။ မိဆိုင်ဖဆိုင် အရှင်၊ ဘိုးဆိုင်ဘွားဆိုင် သခင်ရယ်လို့ တလေးတမြတ် ထားကြသူချည်း။

"ကိုင်းပါအေ။ ဘာမဟုတ်သာလေးနဲ့ စကားချေတင် ဖြစ်ကုန်ကြအုံးမယ်"

ရွာလူကြီးဖိုးပန်းဦး ဝင်ထိန်းမှ မယ်ဇာပွင့်နှင့် ကိုရေမှုတ်တို့၏ အငြင်းအခုန်က မီးသေသွား၏။ ကွပ်ပျစ်ဝိုင်း ငြိမ်ကျသွားချိန်တွင် ဖိုးပန်းဦးက ရွာ့တောင်ဘက်မှ မိုးနတ်ကန်ကြီးကို တာတူးကြဖို့ လိုအပ်ကြောင်း ဆိုသည်။ အားလုံးကလည်း ဖိုးပန်းဦး၏စကားကို ထောက်ခံကြသည်။ မထောက်ခံ၍လည်း မဖြစ်။ မိုးနတ်ကန်သည် စဘောရွာ၏ အရေးပါသည့် အရာများထဲမှ တစ်ခုဖြစ်သည်။ စီကောင်းတောင်တန်းကြီးသည် ရွာ့ထမင်းအိုးဖြစ်ပြီး သဲချောင်းပြင်ကြီးသည်ကား ရွာ့သောက်ရေအိုးဖြစ်လျှင်၊ မိုးနတ်ကန်ကြီးမှာမူ ရွာ့သုံးရေကန်ဖြစ်၏။ မိုးနတ်ကန်ရေကို သောက်ရေအဖြစ် မသုံးကြသည်မှလွဲလျှင် ကျန်တာအားလုံးအတွက် အသုံးဝင်သည်။

နေတက်စ ရဟန်းသံဃာ ဆွမ်းခံပြန်ချိန်တိုင်သည်နှင့် မိုးနတ်ကန်စပ်တွင် ကလေး လူကြီး၊ ယောက်ျား မိန်းမ အားလုံးစုရုံးမိကြပြီ။ ရေချိုးသူ ချိုး၊ အဝတ်လျှော်သူ လျှော်၊ ယာခင်းစိုက်ခင်း ရေလောင်းရန်အတွက် လှည်းတစ်စီး နွားတစ်ရှဉ်းနှင့် ရေစည်တိုက်သူက တိုက်ဖြင့် လက်ပံပင် ဆက်ရက်ကျသလို စည်ကားလှ၏။ ညနေစောင်းလျှင်ဖြင့် ဆိတ်ကျောင်းသား နွားကျောင်းသားတို့သည် ဖြန့်ကျောင်းထားသည့် ကိုယ့်တိရစ္ဆာန်များကို စုစည်းကာ မိုးနတ်ကန်မှာပင် ရေချကြရပြန်သည်။ သုံးရေရှားပါလှသည့်အတွက် မိုးနတ်ကန်သည်သာ တစ်ရွာလုံး၏ ပင်မအချက်အချာ၊ ကျွဲနွားတိရစ္ဆာန်တို့၏ အသက်သွေးကြော ဖြစ်ရတော့၏။

"ကန်ရေက စွက်စွက်ပဲ ကျန်တော့သကွ။ သည်နွေအမီ တာတူးနိုင်မှ မိုးဦးမိုးလယ် ရေတင်ခဲ့မှာ။ မတူးဘဲသည်တိုင်းသာ ပစ်ထားရင်တော့ ကန်ကောပြီး နောက်နှစ်အတွက် လူရော တိရစ္ဆာန်ရော ရေအခက်ကြုံကြရလိမ့်မယ်"

ဖိုးပန်းဦးစကား မှန်နေသည်မို့ ကိုပန်းကုံးသည် ခေါင်းညိတ် ထောက်ခံလိုက်၏။

"ဒါဖြင့်လည်း အချိန် သိပ်ဆွဲမနေနဲ့ပေါ့ ဘကြီးရယ်။ နောက်နေ့ကျ

mgyoe.com

mgyoe.com
SAMPLE BOOK

ဆင့်စရာရှိသာဆင့် ခေါ်စရာရှိသာခေါ်ပြီး အမြန်ဆုံး အကောင်အထည်ဖော်ကြသာ ပေါ့။ မိုးတွင်းကလည်း သိပ်မကြာခင် ရောက်တော့မှာရယ်။ ကျုပ်တို့ အညာမိုး ဆိုသာလည်း သိကြတဲ့အတိုင်းပဲ။ မရွာရင်သာ လည်ချောင်း ပဒေါင်းလိုက်အောင် မျှော်ရသာ။ ရွာပြီဆိုရင်တော့ ကန်ကျိုးအောင် ရွာသာမှတ်လား။ သည်တော့ နောက်နှစ်စာ ရေအလျှဉ်မိအောင် တာနက်နက်တူးထားသာက မမှားပါဘူး"

ဖိုးပန်ဦးသည် ရှေ့တွင်ချထားသည့် အနားပွဲ ကြေးကွမ်းအစ်လေးထဲမှ ကွမ်းရွက်တစ်ရွက်ကို ထုတ်ယူလိုက်ပြီး ကွမ်းညှာကို ဆိတ်ချိုးပစ်လိုက်သည်။ ထို့နောက် ထူပိန်းနေအောင် ချိုးတက်နေသည့် ထုံးဘူးလေးထဲမှ ထုံးတစ်ကော်နှိုက်ကာ ကွမ်းရွက်ပေါ် ဖြန့်သုတ်လိုက်၏။ ရှားစေး၊ ကွမ်းသီး၊ ဆေးရွက်ကြီးတို့ကို လိုသလောက် စိပ်ခြမ်းထည့်ပြီး ယာလိုက်ကာ ပါးစောင်အတွင်း ထိုးသွင်းငုံကျိုက်ရင်း ကိုပန်းကုံး ပြောသည်ကိုလည်း နားစွင့်ကာ ခေါင်းတဆတ်ဆတ်ရှိလေသည်။

"ကန်ရေကဖြင့် ခုတောင် ခန်းချင်ချင်ပါတော်။ ကျန်သဲ့ရေကလေး ဖြုတ်သေးလောက်ဟာကလည်း နွားအုပ်က ဆင်းလိုက်၊ ဆိတ်အုပ်က ဆင်းလိုက်နဲ့ နောက်ကျိ ချွဲပျစ်နေပါပကောလား။ မနေ့က စောင်လေးလျှော်ဖို့ ကန်တွင်းဆင်း လိုက်ပါသယ်၊ ရေမသန့်သာနဲ့ပဲ ကန်အောက်ထန်းတောထဲက ငင်တွင်းမှာ သွား လျှော်ခဲ့ရသယ်"

ရက်ကန်းသည် မကြာနုကလည်း မိုးနတ်ကန်၏အခြေအနေကို ဝင်ရောက် တင်ပြလိုက်သည်။ ဟုတ်လည်း ဟုတ်ပါသည်။ ကန်ရေသည် ကြည်လင်စိမ်းလဲ့မနေ တော့ဘဲ ဗွက်ရောင်ပေါက်နေပြီ။ ရေ လုံးလုံးခန်းသွားသည့် နေရာများတွင်လည်း ပပ်ကြားအက်ကြီးများသည် အမြောင်းမြောင်း အကွဲကွဲ။ ယခုနှစ်သာ တာမတူးဘဲ ထားလိုက်လျှင် နောက်နှစ် မိုးနှောင်းထိပင် ရေတင်လိမ့်မည် မဟုတ်ပေ။

ဖိုးပန်းဦးသည် မကြာနု၏ စကားအဆုံးတွင် မိုးနတ်ကန် တာတူးရေး လုပ်ငန်းစဉ်ကို အတည်ပြုလိုက်တော့သည်။ ရွှေဘော်၊ ပန်းကုံးနှင့် ရေမှူတ်ကိုလည်း နီးစပ်ရာ ကာလသားများကို ဆော်ဩထားရန် အမှာပါးလိုက်၏။ အထူးသဖြင့် ဆိတ်အုပ်၊ နွားအုပ် ပိုင်ရှင်များနှင့် ရေစည်ရေတိုက်သမားများကို မဖြစ်မနေ လုပ်အားပေးစေရမည်။ မိုးနတ်ကန်သည် တစ်ရွာလုံးအတွက်ဆိုသည့်တိုင် ၎င်းတို့ အတွက်မူ ပို၍ အရေးပါ အသုံးဝင်သည် မဟုတ်လား။ ပန်းကုံးကမူ ဆော်ဩထား ပါ့မည်အကြောင်း ဖိုးပန်းဦးကို အာမခံခွေ့ခဲ့သည်။ ရေမှူတ်ကား အတန်ငယ် နှုတ်ဆိတ်သွား၏။ ခပ်တွေတွေ စဉ်းစားဟန်ပြပြီး အတန်ကြာမှ စကားပြန်ဆက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဆော်ဩတာက ဖြစ်ပါသယ်။ ကျုပ်တို့ ထည်ရက်ရောင်း ထွက်တဲ့နေ့သာ ဘကြီးက အစည်းအဝေး မခေါ် နှင့်နဲ့။ ကျုပ်တို့ နားရက်ကလေးမှ စုံစုံညီညီလုပ်ပေါ့"

"အဲဒါတော့ ဟုတ်သယ်တော့် ဘကြီးပန်းဦးရဲ့။ ကျုပ်တို့လည်း အားသာ မဟုတ်ဘူး။ ထည်ရက်ရောင်းကလည်း ရက်ပျက်လို့က မဖြစ်ဘူး။ လက်လှုပ်မှ ပါးစပ် လှုပ်ကြရသာ ဘကြီးပန်းဦးလည်း သိသားဟာကို"

အပျိုကြီး မဇီးပုကလည်း ရေမှုတ်စကားကို ထောက်ခံသည်။ ရေမှုတ်တို့ မပိုးစာတို့ မဇီးပုတို့သည် နေ့စဉ် ထန်းလျက်ရောင်း ထွက်ကြရသည်။ နားရက် အားရက်ဟူ၍ များများစားစား ရှိကြသည်မဟုတ်။ သွားရောင်းရသည့် နေရာ ကလည်း မြစ်ခြေကဲ့သို့ နီးနီးနားနား မဟုတ်ပြန်။ အိုင်ကြီး၊ ကန်ကြီးစု၊ မြို့စိုး၊ ကျွန်းချောင်း၊ လက်ပံချောင်း၊ တန့်ကြည့်၊ အရာတော်၊ ဆိတ္တဝ နယ်တွေအထိ လှည်းကြုံလျှင်လှည်း လှည်းမကြုံလျှင် ခြေကျင်တက်ကြရသည်။ တချို့မှာမူ ကျွန်းရွာများဖြစ်ကြသည့် ငွေသောင်၊ ချမ်းသာကြီး၊ ဆယ်လံ၊ ကျွန်းသီရိ ရွာများအထိ သွားရောက် ရောင်းချကြသည်လည်း ရှိ၏။

မိုးဦးကျလျှင် အရောင်းထွက်နိုင်ဖို့ မသေချာတော့ပေ။ လေဆင်မိုးဆင် ကြည့်၍ ကိုယ့်ယာ ကိုယ့်ကိုင်းဆင်းပြီး ထွန်တန်ထွန် ယက်တန်ယက်၊ စိုက်တန်စိုက် ပျိုးတန်ပျိုးဖြင့် နွားနှင့်အပြိုင် ရုန်းကြရသည်။ ထို့ကြောင့် မိုးဦးမကျခင် အလုပ်ပါးချိန် လေးမှာ ရောင်းချကုန်သွယ်ခြင်းအမှုကို အားစိုက်လုံ့လ ပြုကြရသည်သာ။ သို့မှသာ တစ်မိုးစာဖူလုံရုံ စားနပ်ရိက္ခာကို စုဆောင်းမိကြသည်။

အရေးကြီးသည့် အမာခံစားသောက်ကုန်များမှာ ဆန်၊ ဆီ၊ ဆား၊ ငပိ၊ ငရုတ်၊ ကြက်သွန်သာ ဖြစ်၏။ ယင်းအရာများ ရှိထားလျှင် တစ်မိုးစာ မပူပင်ရ။ ဟင်းစားအတွက်မှာကား ဖြစ်သလို ကြုံသလိုစား၍ ဖြစ်သည်။ အညာမိုးတွင်းရောက် လျှင် ဘယ်သူ့ ယာကန်သင်းနေနေ၊ ဘယ်သူ့ စည်းခရိုးဖြစ်ဖြစ် တစ်ချို့ဝင် တစ်နွယ် ချိုးရုံဖြင့် ဟင်းတစ်အိုးတော့ ရသည်သာ။ မန်ကျည်း၊ ကင်းပုံ၊ ဖရုံ၊ ဆူးပုပ်၊ ငရုတ်၊ ခရမ်းပေါသည်။ စုံသည်။ ခူးနိုင်သည်။ ဆွတ်နိုင်သည်။ တစ်နပ်စာ တစ်ခါချက်ဖြင့် အတွန့်အတိုမရှိ သဒ္ဓါကြသူချည်း။ ဝယ်ရစေဦးတော့။ တစ်ပဲဖိုး လှည်းကျိုးအောင် ရသည်။ သည်တော့ ကိုရေမှုတ်တို့အဖို့ အမာခံ စားကုန်များကိုသာ ခြတောင်ပို့စု သကဲ့သို့ စုဆောင်းကြရသည်။

"ကိုင်းပါအေ။ မောင်မင်းကြီးသားတို့ မယ်မင်းကြီးမတို့ရဲ့။ ညည်းတို့ဟာ ညည်းတို့ သွားစရာရှိသွား ရောင်းစရာရှိရောင်းပေါ့။ အစည်းအဝေးရယ်လို့ မမီတော့

mgyoe.com

mgyoe.com
SAMPLE BOOK


အရေးလား။ တာတူးတဲ့အလုပ်ကလည်း နေ့ခင်းကြောင်တောင် နေကျွက်ကျွက်ဆူထဲ လုပ်ကြရတဲ့အလုပ်မှ မဟုတ်သာ။ ညခင်းညချိန်မှ အေးအေးလူလူ သယ်ကြဖို့ကြရတဲ့ ဟာကို။ ပူမနေကြနဲ့ အမိတို့ အမောင်တို့ရဲ့။ ကိုယ့်ခွဲတမ်းကျတဲ့တာကို ညည်းတို့ မတူးချင်ပါဘူး ဆိုရင်တောင် တူးကြရမှာ"

ဒွေးစန်းယုံ ဝင်ပြောမှ ကိုရေမှုတ်တို့ မဇီးပုတို့ ငြိမ်သွားကြ၏။ ဟုတ်ပါသည်။ အများသုံးကန်ကြီး ဆိုသော်လည်း ကြုံသူတူး ကြုံသူဖို့၍ ရသည်မဟုတ်။ ကိုယ့်မိသားစုနှင့်ကိုယ် ခွဲတမ်းယူရသည်။ ဆိတ်နွားမရှိသူ၊ တောင်သူမဟုတ်သူတို့က ခွဲတမ်းနှစ်တာ တူးရလျှင်၊ ဆိတ်နွားရှိသူနှင့် တောင်သူတို့မှာကား လေးတာ တူးကြရသည်။ ဤသည်မှာ ရွာလူကြီး ဘကြီးပန်းဦးက သတ်မှတ်ထားသည့် ဥပဒေမဟုတ်ပေ။ အများသဘောတူလက်ခံထားသည့် ရွာ့စည်းကမ်းပင်ဖြစ်၏။

"ဟ... စန်းယုံ။ ဘုန်းကြီးကျောင်းက နာရီသံလေးလည်း နားစွင့်အုံး။ ဘယ်အချိန် ရှိနေပြီတုံး။ အိမ်မှာ နွားတွေကို စိတ်ချလက်ချထားပြီး လည်နေလိုက်သာများ။ ညည့်နွားတွေတော့ နွားသူခိုးစာ မိရအောင်သာပြင်ထား။ သည်လောက် နွားခိုးနွားပျောက်တွေ ပေါ်နေရတဲ့အထဲ ကိုယ့်အိမ်ပစ်ပြီး လည်အားသေးရဲ့။ အပြောအဆိုကျ တတ်သာလည်းမဟုတ်ဘဲနဲ့ လူရှုပ်ရှုပ်မှာ နေရသာကျ အလွန်ကြိုက်သယ်။ အင်မတန်မှ ဖားဖျောရာ တက်တူနှော့ချင်တဲ့ မိန်းမဗျား"

ဖိုးသံခဲသည် မယ်စန်းယုံကို ဆူပူကြိမ်းမောင်းရင်း ပိုးစာတို့ ဝိုင်းတိုက်ထဲသို့ ဝင်ချလာ၏။ ဖိုးသံခဲ ရောက်လာပုံထောက်လျှင် သောင်းဒန်၏ ဗွီဒီယိုရုံသိမ်းသည်မှာ သေချာပြီ။ သို့ဆိုလျှင် ညဆယ်နာရီခွဲ ဆယ့်တစ်နာရီဝန်းကျင်ခန့် ရှိပြီဖြစ်ကြောင်း မယ်စန်းယုံတို့အားလုံး သိကြသည်။

"အလိုတော်။ ငမှောင်ကများ မည်း၊ ငပြူးကများ ပြံနေသေး။ ကုလားအော် က မစပ်ဘဲ၊ ရွှေအပ်က တပူပူ ရှိရသယ်လို့။ ဘယ့်နှယ့်တုံး။ ရဲကိုကိုကားက အတော်မှ ကောင်းရဲ့လား ကိုရဲဂဲဂဲရဲ့။ နွားတွေတော့ သူခိုးဆွဲသွားလည်း အေးသာပဲ။ ဘယ် သွားသွား ဘယ်လာလာ သင်းတို့ရှိနေသမျှ စိတ်ဖြောင့်ရမှာမဟုတ်ဘူး။ သွားတော့ မဟဲ့ လာတော့မဟဲ့ဆိုရင် သင်းတို့ကို နောက်ဆံငင်ရသာက တစ်မှောင့်။ ဘယ့်နှယ့် တော်။ နကျိုး(နွားကျိုး)လှည်းထမ်း နကန်းယာထွန်ဆိုသလိုပဲ။ အိုကြီးအိုမ ကျကာမှ အနှောင်အတွယ်တွေ တင်းရချက်"

ဖိုးသံခဲ၏ အဆူအပူကို ဒွေးစန်းယုံက အထေ့အငေါ့နှင့် ဆီးကြိုသည်။ သင်းတို့ လင်မယားကြောင့် မပိုးစာ ပြုံးလိုက်မိသည်။ သည်သို့သည်ပုံ ဖြစ်ကြသည်မှာ

mgyoe.com

လည်း တစ်ညမဟုတ်။ နှစ်ည မဟုတ်။ ညစဉ် ဆိုသလိုပင်။ နှစ်ဦးလုံးသည် ကိုယ့်အစွဲနှင့်ကိုယ် အိမ်မြဲကြသူများ မဟုတ်သည့်အတွက် တစ်ဦးက ငြူစူ၊ တစ်ဦးက စောင်းမြောင်းဖြင့် စကားစောင်းပစ်ကြခြင်းဖြစ်၏။ အမျက်အအီ ပါကြ၍ကား မဟုတ်ပေ။ မပိုးစာလည်း စကားနည်း ရန်စဲစေခြင်းအလို့ငှာ ဖိုးသံခဲကို ခရီးဦးကြိုပြု၍ ထိုင်ခိုင်းလိုက်သည်။ ဖိုးသံခဲသည် ဒွေးစန်းယုံ၏ဘေးတွင် ဝင်ထိုင်၏။ ဒွေးစန်းယုံကလည်း ဖိုးသံခဲ ထိုင်သာစေရန် ကိုယ်လုံးလေးကို ကျုံ့ပေးလေသည်။ သည်လိုဆိုတော့လည်း စောစောက အငေါ်တူး အပြစ်ဆိုကြသည်မှာ သူတို့မဟုတ်ကြသလို။ ထို့ကြောင့်လည်း ဖိုးသံခဲတို့ ဒွေးစန်းယုံတို့ လင်မယားကို မတည့်လျှင် ဂျင်းစိမ်းနဲ့ မိတ်သလင်၊ တည့်လျှင် တရော်နဲ့ ကင်ပွန်းဟု ဆိုကြခြင်းဖြစ်၏။

"ကိုသံခဲပြောမှ အမှတ်ရသယ်။ ဟိုတစ်လောက စံမှတ်တို့အိမ်က နည်ပြာကြီး အခိုးခံလိုက်ရသာတော့ ဘာသတင်း ကြားမိကြသေးသတုံး။ ငါဖြင့် စံမှတ်ရဲ့နွား အခိုးခံလိုက်ရသယ်ကြားတော့ စိတ်မချမ်းမြေ့လိုက်သာများကွယ်။ သူ့ခမျာ မရှိမဲ့ ရှိမဲ့လေးဆိုတော့ ရင်ထုမနာ ဖြစ်ရှာမှာပဲ"

ဘကြီးပန်းဦးဘေးတွင် ထိုင်နေသည့် မယ်ကျေးညိုသည် စံမှတ်နွားပျောက်သည့်ကိစ္စကို အလွန်တစ်ရာ စိတ်မကောင်းသည့် အသံဖြင့် မေးလေသည်။ ဤသို့ဖြင့် ဖိုးသံခဲနှင့် မယ်စန်းယုံတို့၏ စကားစစ်ထိုးခန်းသည် တစ်ခန်းရပ်၍ နွားခိုးနွားပျောက် အရေးဘက်သို့ ဦးလှည့်သွားကြပြန်သည်။

"ဘယ့်နှယ့်ကြားရမတုံး ရီးကျေးညိုရယ်။ နွားခိုးခံလိုက်ရပြီ ဆိုမှတော့ သားသတ်ရုံ ပို့လိုက်သာနဲ့ ဘာကွာလိမ့်မတုံး။ နွားပျောက်ပြီး သုံးရက်ကြာတော့ အနောက်သဲချောင်းပြင်ထဲကနေ စံမှတ်ရဲ့ နည်ပြာကြီးကို သားရေခွံချည်းပဲ ပုံပျက်ပန်းပျက် ပြန်တွေ့သာပဲ့ါရော။ စံမှတ်အဖို့တော့ အားကြိုးပြတ်ရသာပေါ့ ရီးကျေးညိုရယ်"

ကိုရွှေဘော်သည် ကိုယ့်ပေါင်ကိုယ် လက်ဖြင့်ပုတ်ကာ ရီးကျေးညို၏ အမေးကို ဖြေလိုက်သည်။ ရီးကျေးညိုသည် ကိုရွှေဘော်၏ စကားအဆုံးတွင် မချိတင်ကဲစွာဖြင့် စုတ်တသပ်သပ် ရှိလေ၏။ ထိုညက စံမှတ်သည် နွားကင်းစောင့်ရင်း အိပ်ပျော်သွားခဲ့သည်ဟု သိရသည်။ နွားခိုး ခံလိုက်ရခြင်းသည် စံမှတ်၏ ပေါ့ဆမှုကြောင့် ဖြစ်သလို၊ နွားသူခိုးများ၏ တစ်စတစ်စ အတင့်ရဲလာခြင်းကြောင့်လည်း ဖြစ်သည်။ နွားသူခိုးများသည် မည်သည့်အရပ်က လာသည်မှန်း မသိရ၊ ကိုရွှေဘော်တို့ ရွာဝန်းကျင်မှလူများ မဟုတ်သည်ကတော့ သေချာသည်။ တချို့အိမ်များတွင်

mgyoe.com

mgyoe.com SAMPLE BOOK

သူခိုးကပ်သည်ကို ရိပ်ခနဲ မြင်လိုက်ရသော်လည်း အော်ဟစ်ဝိုင်းအုံပြီး လိုက်ကြသည့် အခါတွင် ပျောက်ခြင်းမလှ ပျောက်သွားတတ်သည်။

ကိုရွှေဘော်တို့တစ်ရွာလုံးမှ နွားရှည်းရှိသူ နွားအုပ်ရှိသူတို့သည် ညလယ် လူခြေတိတ်ချိန်တွင် အိမ်ရှိလူကုန်အလှည့်ကျစနစ်ဖြင့် နွားကင်း စောင့်ကြရသည်။ ကင်းစောင့်ရာတွင်လည်း တိတ်တဆိတ် ချောင်းမြောင်း၍ စောင့်ကြရသည်မဟုတ်။ အုန်းမှုတ်ခွက်ကို ဝါးဆစ်ပိတ်တုတ်တံဖြင့် အဆက်မပြတ်ခေါက်ကာ လူသူရှိကြောင်း၊ မအိပ်သေးကြောင်း အသံပြုလျက် စောင့်ကြရခြင်းဖြစ်သည်။ နွားများကိုလည်း ခြူလုံးများ ဆွဲပေးထားရသည်။ ဤသို့ ဂရုစိုက် စောင့်ဖမ်းသည့်ကြားကပင် သတိ လက်လွတ်ဖြစ်သွားခိုက်၌ အခိုးခံလိုက်ကြရသည်လည်း ရှိ၏။ ဆိုးသည်မှာ နွားသူခိုး တို့သည် နွားကို ခိုင်းစေရန် ခိုးသည်မဟုတ်ဘဲ အသားယူရန် ခိုးကြခြင်းဖြစ်၏။ မနက်လင်းလျှင် သားရေပုံကိုသာ ပြန်တွေ့ကြရသည်။ ရက်စက်လွန်းလှ၏။ ပြည်ရေး ကမလှ၊ စောရကန္ဒိုပ်စက်၊ ကိုရွှေဘော်တို့ပြည်သူတွေ အသက်ထွက်ရုံသာ ကျန်တော့ သည်။ သို့သော် ကိုရွှေဘော်လည်း မတတ်နိုင်ပါ။ ကိုယ့်အသက်၊ ကိုယ့်ဥစ္စာကိုသာ ဉာဏ်ရှိသလွှေ့ စောင့်ကြကာကြရတော့မည်။

ကောင်းကင်ပြင် တစ်ခွင်လုံးသည် မှောင်မည်းနေ၏။ ခုံးမျက်စ လခြမ်း ကွေးကလေးသည် တိမ်စိုင်ဖြူတို့၏ကြားမှ မလင်းတစ်လှည့် လင်းတစ်လှည့်၊ မြုပ်ချည်ပေါ် ချည်။ မှိန်ပျပျ ကြယ်တစ်သင်းသည်လည်း ညအခင်း၏ အမှောင်ထုကို ထိုးဖောက်အံတုနိုင်စွမ်း မရှိချေ။ ညဥ့်ငှက်တို့၏ စိုးစိုးစီစီ အသံတို့မှတစ်ပါး ညသည် လည်း တိတ်ဆိတ်နေ၏။ ညည့်သည်လည်း တဖြည်းဖြည်း နက်လာ၏။ စကားဝိုင်း သည်လည်း လူစုကွဲသွားခဲ့ပြီ။ ဖိုးသံခဲနှင့် ကိုပန်းကုံးသည် နွားကင်းစောင့်ရန် ပြန်သွားကြပြီဖြစ်သကဲ့သို့၊ ရေမှုတ်နှင့် ဇီးပုသည်လည်း မနက်စောစော၌ ပိုးစာ နှင့်အတူ ထန်းလျက်ရောင်း သွားကြရမည်ဖြစ်သဖြင့် ပြန်ပြီးအနားယူကြချေပြီ။

ကွပ်ပျစ်ပေါ်တွင် သက်ရှိဟူ၍ ကိုရွှေဘော်တစ်ယောက်တည်းသာ ကျန်ရစ်တော့သည်။ ကိုရွှေဘော်သည် လူသူမရှိတော့သည့် ကွပ်ပျစ်ကျယ်ကြီးပေါ်သို့ လှဲချလိုက်သည်။ လက်တစ်ဖက်ကို နဖူးပေါ်တင်ထားလိုက်ရင်း၊ မဟူရာ ပိုးသား ဝတ်ရုံပေါ်ဝယ် စိန်ပွင့်လေးများကို ဖြန့်ခင်း အလှဆင်ထားသည့်အလား ခန့်ညားစွာ ရှိနေသည့် ကောင်းကင်ပြင်ကြီးကို စူးစိုက်ကြည့်နေမိသည်။ အမှောင်သည် တိတ် ဆိတ်ငြိမ်သက်ပြီး အေးချမ်းသလောက်၊ မကောင်းမှုကိုလည်း အားပေးအားမြှောက် ပြုတတ်သည်ဟု ကိုရွှေဘော်ထင်သည်။ ဩကာသလောကကြီး၏ ပကတိအမှောင်ကို

mgyoe.com

mgyoe.com SAMPLE BOOK

ကိုရွှေဘော် မကြောက်သော်လည်း၊ လောဘ ဒေါသတို့ကြောင့် လောင်မြိုက်ပျက်စီးစေသည့် အတ္တအမှောင်ကိုကား ကိုရွှေဘော် ရွံ့မိသည်။ သို့သော် ကိုရွှေဘော်တို့သည် လောဘသားတို့၏ အတ္တအမှောင်ဝယ် ချောင်ပိတ်မိနေသည့် သားကောင်ငယ်များသာတည်း။

ကိုရွှေဘော်သည် ကောင်းကင်ပြင်ကြီးကို ကြည့်ရင်း၊ အတွေးရေယာဉ်ကြောတွင် နစ်မျောရင်း မျက်ခွံတို့သည် လေးလံလာ၏။ အသိစိတ်တို့သည် ကင်းလွတ်လာ၏။ နားထဲမှာတော့ ရွာသားတို့၏ နွားကင်းစောင့်သည့် အုန်းမှုတ်သံ တဒေါက်ဒေါက်သည်လည်း မကြားတစ်ချက် ကြားတစ်ချက်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၃)

"ဟဲ့အကောင် ရေမှုတ်ရဲ့။ လုပ်စမ်းပါဦးဟဲ့။ ဟောတော် ဟောတော် ခြေထောက်ကြားထဲ တိုးဝင်နေပြီ။ ဇီးပုရေ။ အေ ဇီးပု။ ညည်း သည်အတိုင်းပဲ ကြည့်နေတော့မလား။ ငါ့ကို မကယ်တော့ဘူးလား။ ဟော၊ ပြောရင်းဆိုရင်း ထဘီ ကွင်းထဲ ဝင်သွားပြန်ပဟဲ့။ အမယ်လေး အမရေ။ ကျုပ်ကို ကယ်လှည့်ပါဦးတော့"

အချိန်ကား မနက်ခင်း သုံးနာရီခွဲ လေးနာရီခန့်။ အမှောင် မပြယ်သေးသည့် ဝေလီဝေလင်း အချိန်။ ကိုရေမှုတ်သည် မပိုးစာ၏အသံကြောင့် ကျောက်စစ်ကန် ဇရပ်ပေါ်တွင် ကျောခင်းနေရာမှ ဆတ်ခနဲမတ်သွားသည်။ မှေးငိုက်နေသည့် မျက်လုံးများသည်လည်း ပြူးကျယ်သွား၏။ မနေ့ညက တစ်ညလုံး နွားကင်းစောင့် ထားရသဖြင့် ညဉ့်လယ်ပိုင်းအထိ တစ်မှေးမှ မမှေးလိုက်ရ။ ဘုန်းကြီးကျောင်းရှိ တုံးမောင်း နှစ်ချက်ထိုးချိန် အရောက်တွင်မှ ငိုက်ခနဲမှေးပြီး ရှိုက်ခနဲ အိပ်ပျော်သွား ခဲ့သည်။ သို့သော် ကြာကြာ မအိပ်လိုက်ရပေ။ သုံးနာရီခန့်အချိန်တွင် မပိုးစာနှင့် ဇီးပုတို့က ထန်းလျက်ရောင်းထွက်ရန် မီးစဖင်ထိုး လာနှိုးသဖြင့် အလူးအလဲထကာ မျက်နှာကို ကပျာကသီသစ်၍ ညပိုင်းကတည်းက ပြင်ဆင်ထားသည့် ထန်းခေါက် ခြင်းကြား ထန်းလျက်တောင်းကြီး နှစ်လုံးကို ထမ်းပိုးလျှိုထမ်းပြီး ဒယဉ့်သိုးသီ လိုက်ခဲ့ရခြင်းဖြစ်၏။ လမ်းခုလတ် ကျောက်စစ်ကန်ဇရပ်သို့ရောက်မှ ခရီးတစ်ထောက် နား၍ မှေးစက်နေကြခြင်းဖြစ်သည်။ ထို့ကြောင့် အိပ်ရေးမဝလှသဖြင့် မျက်လုံးများ

mgyoe.com

mgyoe.com SAMPLE BOOK

သည် ဖန်တွတ် ကျိန်းစပ်နေသည်။ ကိုရေမှုတ် ဇရပ်ပေါ် မှ ဖျတ်ခနဲ လှိမ့်ထလိုက်မိသည်။

"မပိုးစာ။ ဘာဖြစ်သာတုံး"

ကိုရေမှုတ်သည် မိမိရှိနေသည့် ဇရပ်နှင့် ပေတစ်ရာလမ်း ခြားထားသည့် အရှေ့ဘက်ယာခင်းဆီသို့ ခပ်သော့သော့ပြေးလိုက်ရင်း မပိုးစာကို ခပ်အုပ်အုပ် အသံဖြင့်လှမ်းအော်မေးလိုက်သည်။ အသံသည် မကျယ်လောင်လှသော်ငြား လူခြေတိတ်ချိန် နံနက်စောစော ဖြစ်သည်ကတစ်ကြောင်း၊ ရွာနဲ့ဝေးသည့် ယာစပ် ကိုင်းစပ်ဖြစ်သည်က တစ်ကြောင်းကြောင့် ပဲ့တင်သံထွက်နေ၏။

"ဘာဖြစ်သာတုံး မမေးနဲ့။ လူအရင်လာဟဲ့ လူအရင်လာ။ ဟောသည်မှာ ငါ့ကို မှင်စာတွယ်လို့ဟဲ့ ရေမှုတ်ရဲ့"

ယာခင်းဘက်ဆီမှလာသည့် မပိုးစာ၏အသံသည် အမှောင်ထုကို ထိုးဖောက်လျက် ကိုရေမှုတ်နားထဲသို့ ကြောက်လန့်တကြား ခုန်ဝင်လာ၏။ ထိုအခိုက် ဝယ် ဇီးပုသည်လည်း နိုးလာဟန်တူသည်။ အိပ်မှုန်စုံမွှားဖြင့် ကိုရေမှုတ်အနီးသို့ ရောက်ချလာသည်။ အခြေအနေအကြောင်းရင်းကို ကိုရေမှုတ်ကိုမေးရာမှ မပိုးစာ မှင်စာတွယ်ခံရကြောင်း သိလေလျှင် ဇီးပုသည် ကိုရေမှုတ်၏ ပုဆိုးခါးနားစကို တင်းနေအောင် မလွှတ်တမ်း ဆွဲထားလေတော့သည်။ သည်ကျောက်စစ်ကန်ကို ရောက်လျှင် ဇီးပု အလွန်ကြောက်သည်။ ကြောက်မည်ဆိုလည်း ကြောက်စရာပင်။ ကျောက်စစ်ကန် ဇရပ်သည် ရွာနှင့်မြစ်ခြေအကြား တစ်ဝက်မကျတကျ လူသူဝေးလှသည့် ကုန်းခေါင်ခေါင် ကျောက်စရစ်ပြုန်းတောထဲတွင် ဆောက်လုပ်ထားခြင်းဖြစ်၏။ အခြောက်အလှန့်တွင် အလွန်တရာ နာမည်ကြီးလှသည်။

ကျောက်စစ်ကန်ဇရပ်တွင် လိပ်ပြာလွင့်မတတ် အခြောက်အလှန့် ခံရသူတွေ မနည်းလှ။ တစ်ခါသား ဝေလီဝေလင်းမှိုးမှိုးမှောင်မှောင် အချိန်တွင် အနောက်စုက ပုတ်ရောင်းသွားသည့် သူများသည် ကျောက်စစ်ကန်ဇရပ် အရောက်တွင် ကြွတ်ဘုရားပွဲနှင့် ပက်ပင်းတိုးခဲ့ကြဖူးသည်။ မီးရောင်တထိန်ထိန် ဆိုင်းသံတမြိုင်မြိုင် ညော်နံ့ တလှိုင်လှိုင်နှင့် သိုက်မြိုက်စည်ကားလှသည့် ဘုရားပွဲတန်းကြီးသဖွယ် ရှိသည်ဆို၏။ ထိုအခါ ပုတ်သည်များသည် သည်လူတန်းကြီးအား စီကောင်းတောင် အနောက်ဘက်ရှိ ယောတစ်တန်းမှ ခရီးသွားတွေများ ဖြစ်လေမလားဟု အနီးကပ်လေ့လာကြည့်လိုက်ရာ မျက်လုံး နှာခေါင်း ပါးစပ် မည်သည့် အာရုံခံအင်္ဂါမှ မပါရှိသည့် စက္ကူချပ်သဖွယ် မျက်နှာပိတ်ပိတ် ပိန်းပိန်းကြီးတွေကို မြင်လိုက်ကြရသည်ဟု

mgyoe.com

mgyoe.com SAMPLE BOOK

ဇီးပုကြားဖူးသည်။

ရွာလူကြီး ဘကြီးပန်းဦးကိုယ်တိုင်ပင် ကြုံဖူးခဲ့သည်ကိုလည်း ဇီးပုသိထား၏။ မြစ်ခြေသို့ လှည်းဖြင့် ခရမ်းချဉ်သီးရောင်း သွားရာမှ ရွာသို့အပြန်တွင် ခြောက်လှန့်ခံရခြင်းဖြစ်သည်။ ထိုနေ့က ဘကြီးပန်းဦး၏လှည်းသည် ရွာအဝင် မိုးချုပ်လှသည်။ နွားရိုင်းသွင်းချိန် ကျောက်စစ်ကန်နား အရောက်တွင် ဇရပ်မြောက်ဘက်ရှိ ကန်တွင်းထဲမှ နက်မှောင်နေသည့်ထဘီကို ရင်လျားဝတ်ကာ ခက်နွယ်ထူပိန်းနေသည့် မဟူရာဆံပင်တို့ကို ဖြန့်ချထားသည့် မိန်းမကြီးတစ်ဦး ထွက်လာကာ ဘကြီးပန်းဦး၏ လှည်းကိုတား၍ လှည်ကြုံလိုက်ရန် ခွင့်ပန်၏။

တောအရက်ကလေးကြောင့် ခပ်ထွေထွေရှိနေသည့် ဘကြီးပန်းဦးသည်လည်း အကြောင်းခြင်းရာ မစဉ်းစားတော့ဘဲ တင်ခေါ်လာခဲ့သည်။ ထိုမိန်းမသည်လှည်းဆောင်ပန်းအိမ် နောက်မြီးပေါ်သို့ တင်ပါးလွှဲ ဝင်ထိုက်လိုက်၏။ ထိုမိန်းမထိုင်လိုက်သည့် အခိုက်မှာပင် လှည်းဦးလန်မတတ် လေးလံသွားခဲ့သည်။ နွားများသည် နှာတရှုံးရှုံး မှုတ်၏။ အမြီးတဖျပ်ဖျပ် ခတ်၏။ ခြုသံတချွင်ချွင် ပေး၏။ လှည်း၏ဝန်ကို လေးဖင့်စွာဖြင့် ဆွဲငင်ဆောင်သယ်လျက် ရုန်း၏။ ဘကြီးပန်းဦးကမူ ဤသည်ကို အထွေအထူးဟု မထင်။ အမှောင်အားကြီးလာပြီမို့ နွားများသည် စမ်းတဝါးဝါး ရုန်းနေကြသည်ဟုသာ ထင်မိသည်။ နောက်ဘက်ကိုလည်း လှည့်မကြည့်မိဘဲ ခရမ်းချဉ်သီးဈေးတွေ ကျကြောင်း၊ တောင်သူများအဖို့ပင်ပန်းသလောက် အဖတ်မတင်ကြောင်း၊ ငွေအရင်းမရှုံးသော်ငြား လုပ်အားရှုံးကြောင်းတို့ကို ထိုမိန်းမအား စကားဖောင်ဖွဲ့နေခဲ့သည်။

အနှီမိန်းမကမူ ခံတွင်းဝယ် အာစေးထည့်ခံထားရသည့်အလား တစ်ခွန်းတစ်ပါဒမျှ မဆို။ တစ်လုံးတစ်လေမျှပင် မပြော။ တစ်စိုးတစ်စိမျှပင် မတုံ့ပြန်ပေ။ ထို့ကြောင့် ဘကြီးပန်းဦးသည် ရွာ့တောင်ဘက်ရှိ ထနောင်းပင်နားအရောက်တွင် ထိုမိန်းမရှိရာ လှည်းနောက်မြီးသို့ ဦးလှည့်စောင်းငဲ့ကြည့်လိုက်ရာ ဆံပင်များပင် ထောင်၍ ခေါင်းနားပမ်း ကြီးခဲ့ရလေတော့သည်။ ထိုမိန်းမသည် လှည်းပေါ်မှဆင်းနေရစ်ကာ ထနောင်းပင်ပေါ်သို့ ဇောက်ထိုး တက်သွားလေသည်ကို မြင်လိုက်ရာ ဘကြီးပန်းဦးသည် အမူးပြေ၍ ကြက်သီးစိမ့်စိမ့် ထမိတော့၏။ ထိုအခါမှပင် နွားများသည်လည်း ကြီးစွာသောဝန်ထုပ်ကြီးကို ပစ်ချလိုက်ရသည့်အလား ပေါ့ပါးရွှင်မြူးလျက် အမြီးကိုမြှောက်၍ ကဆုန်ပေါက် စိုင်းနှင်လေသည်။

သည်အဖြစ်များကို ကြားသိထားသည့် ဇီးပုအနေဖြင့် မကြောက်ရှိုးလား။

mgyoe.com

mgyoe.com SAMPLE BOOK

ယခု ဇီးပုရှေ့မှာပင် မပိုးစာကြီး မှင်စာတွယ်ခံရသည့် အဖြစ်နှင့် နဖူးတွေ့ဒူးတွေ့ကြုံရချေပြီ။ ဇီးပုသည် မပိုးစာ၏ ငိုတော့မည့်သဖွယ် ပြာလဲ့တုန်ရီနေသည့် အသံကို ကြားရသည်နှင့်ပင် အသားများ ဆတ်ဆတ်တုန်နေတော့၏။ ကိုရေမှုတ်၏ ပုဆိုးနားကို ကျစ်ကျစ်ပါအောင် စုဆွဲထားမိသည်။ ဇရပ်ပေါ်တွင်လည်း ဇီးပု မနေဝံ့တော့ပေ။ ဇရပ်မြောက်ဘက် ကန်တွင်းထဲမှ ပုရစ်သံ တစီစီ ပိုးမွှားသံ တဒီဒီသည်ပင် ဇီးပုကို နှလုံးတုန် သွေးပျက်စေလေပြီ။

"မပိုးစာ ထမိန်ကွင်းကို ချွတ်ချလိုက်။ ချွတ်ချလိုက်။ လူတော့ မလဲစေနဲ့နော်။ မြေကြီးပေါ် လဲလိုက်သာနဲ့ မပိုးစာအသက် အိုးစားကွဲပြီသာ မှတ်ကရော့"

ရေမှုတ်၏အသံကြောင့် မပိုးစာမှာ ငိုချင်ရက် လက်တို့ခံလိုက်ရသည့်အလား။ နဂိုကမှ ကြောက်လန့်တုန်ရီနေရသည့်အထဲ ရေမှုတ်၏ သတိပေးစကားလိုလို ခြောက်လှန့်သံလိုလို စကားကြောင့် မပိုးစာမှာ အသံများပင် လှိုင်းတွန့်များသဖွယ် တုန်ခါသွားလေသည်။ စိတ်ထဲမှလည်း 'ကမြင်းမသား ရေမှုတ်' ဟု ကျိတ်၍ ကျိန်ဆဲလိုက်သေးသည်။ ရေမှုတ်ပြောသည်မှာလည်း ဟုတ်တော့ ဟုတ်သည်ပင်။ မှင်စာတွယ်ခံရလျှင် မြေပေါ်သို့ လဲကျမသွားအောင် ထိန်းထားရသည်။ လဲကျသွားသည်နှင့် လိပ်ပြာနှုတ်ခံရတတ်သည်ဟု မပိုးစာ ကြားဖူး၏။

"ဟဲ့ အကောင်ရဲ့။ ထမိန် ကွင်းလုံးချွတ်လိုက်တော့ ငါ့ မိမွေးတိုင်း ဖမွေးတိုင်း နေမပေါ့ဟဲ့ သတ္တဝါရဲ့။ ဟဲ့ကောင်မ ဇီးပု။ ညည်းလာခဲ့၊ ညည်းလာခဲ့။ မိန်းမချင်းဆိုတော့ အမြင်သင့်သေးရဲ့"

မပိုးစာသည် ဇီးပုကို လှမ်းခေါ်လိုက်သည်။ ဇီးပုသည်ကား မည်သို့မျှ မတုံ့ပြန်။ ရေမှုတ်အသံသာ ခပ်အုပ်အုပ် ထွက်လာသည်။ အမှောင်ထုထဲဝယ် အသံကိုသာ နားစွင့်နေရ၏။ ကြောင်လိုလို ခွေးပေါက်လေးလိုလို အကောင်ငယ်လေးသည် မပိုးစာ၏ ခြေနှစ်ဖက်ကြားတွင် တိုးသထက် တိုး၊ ခွေးသထက် ခွေ၊ ရစ်ပတ်သထက် ရစ်ပတ်နေချေပြီ။ သည်အတိုင်းသာဆိုလျှင် လဲကျမသွားအောင် မပိုးစာ ကြာရှည်တောင့်ခံနိုင်တော့မည် မထင်။ လဲရုံသာ ရှိတော့သည်။ ယခုမှပင် ဇီးပုကို မခေါ်ဘဲ တစ်ကိုယ်တည်းသာ အမှောင်ထဲမှ ယာခင်းစပ်ရှိရာသို့ အခင်းကြီး စွန့်ရန် လာခဲ့ခြင်းကို နောင်တရမိတော့သည်။

"မိမွေးတိုင်း ဖမွေးတိုင်းဖြစ်တော့ ဘာဖြစ်သတုံး မပိုးစာရဲ့။ အမှောင်ထဲမယ် ခင်ဗျားကို ဘယ်သူမှ မမြင်ဘူး။ အသက်ကို အရှက်နဲ့ လဲတော့မလို့လား။ မသေချင်ရင် ထဘီကွင်းကို ချွတ်ပစ်လိုက်"

mgyoe.com

mgyoe.com
SAMPLE BOOK

မပိုးစာ သွေးပျက်လှပြီ။ ရေမှုတ်ပြောသလိုပင် လုပ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ မပိုးစာ၏ အနေအထားမှာ အခင်းကြီးစွန့်နေသည့်ပုံစံ စောင့်ကြောင့်ထိုင်လျက်သားပင်။ သည်အချိန်တွင် မှင်စာ ဝင်ပတ်ခြင်းဖြစ်၏။ သည်တော့ ထမရထိုင်မရဖြစ်ကာ "ဟဲ့... ဟဲ့ သိဒ္ဓတ္ထ။ အလိုလေးတော့် မြတ်စွာဂေါတမ။ မယ်မာယာရဲ့ ရင်သွေးပါဘုရား၊ ယသော်ဓရာရဲ့ လင်ကလေးပါဘုရား"စသည်ဖြင့် ပါးစပ်ထဲရှိရာ စကားလုံးတို့ကိုသာ တောင်စဉ်ရေမရ ရေရွတ်လျက် အကြောက်ကြီးကြောက်၊ အလန့်ကြီးလန့်နေရတော့သည်။

ထို့ကြောင့် မပိုးစာသည် ကြောက်လန့်နေသည့်ကြားမှပင် ဆောင့်ကြောင့်ထိုင် အခြေအနေမှ ထဘီကို ကွင်းလုံးချွတ်ချပြီး၊ ရေမှုတ်တို့ ရှိရာဘက်သို့ လက်နှင့်ကလော်ထုတ်လိုက်တော့သည်။ ခန္ဓာကိုယ်သည်ကား ထိုင်လျက်မှပင် ဒယဉ်ဆွဲလိုက်ရာ ထဘီကွင်းတခြား လူတစ်ခြားဖြစ်သွား၏။ တိုးခွေ့ဝင်နေသည် အကောင်ကား ထဘီကွင်းထဲတွင် ကျန်ခဲ့လေသလား မသိ။ ခြေနှစ်ဖက်အတွင်းတွင် ရှင်းနေ၏။ သို့သော် မပိုးစာ မတ်တပ်မထရဲ၊ ထရပ်လိုက်သည်နှင့် ထဘီမပါသည့် ဗလာကိုယ်လုံးသည် လုံးလုံးလျားလျား ရှိချေတော့မည်။ ထို့ကြောင့် ထိုင်လျက်မှပင် ခြေထောက်နှစ်ဘက်ကို ကလိမ်ချိတ်ထားရသည်။ ရေနွေး တကျိုက်ဆူလောက်ဆိုလျှင် အမှောင်ထုခွာ၍ မိုးစင်စင်လင်းတော့မည်။ သည်တော့မှ ခက်ရချည့်။ ထို့ကြောင့် ရေမှုတ်နှင့် ဇီးပုကို ထဘီပြန်ကောက်ပေးရန် အော်ဟစ်ရပြန်သည်။

ကိုရေမှုတ်သည် မိမိတို့ရှေ့ မလှမ်းမလမ်းသို့ ဘုတ်ခနဲကျလာသည့် အရာတစ်ခုကို ပိုးတဝါးလှမ်းမြင်လိုက်သည်။ ဤသည်မှာ မပိုးစာ၏ထဘီသာဖြစ်လိမ့်မည်။ မပိုးစာသည် မှင်စာတွယ်ခံရခြင်းမှ လွတ်သွားဟန်ရှိ၏။ ဘုရားတသံ မကြားရတော့ပေ။ သို့သော် ထဘီကွင်း ပြန်တောင်းသံကား ထိုးထိုးထောင်ထောင်ကြီး ထွက်လာ၏။ ဒါမှ ခက်ချေပြီ။ သည်ထဘီကွင်းကို မပိုးစာထံသို့ ရေမှုတ်ကိုယ်တိုင် သွားပေးရန် မည်သို့မျှ မဖြစ်နိုင်။ ဇီးပု သွားပေးမှသာလျှင် လူမြင်ရှင်ကြား သင့်ပေလိမ့်မည်။ ထို့ကြောင့် ဇီးပုကို မပိုးစာထံထဘီကွင်း သွားကောက်ပေးရန် ခိုင်းလိုက်သည်။

"အမလေး မဖြစ်ပေါင်တော် ကိုရင့်နှယ်။ မှင်စာက ကျုပ်ကိုပါ ရစ်လိုက်မှ ဘယ့်နှယ့်လုပ်မတုံး။ ကျုပ်မယ် အခုတောင် ဒူးတွေက ခိုင်တော့သာမဟုတ်ဘူး။ မပိုးစာဖြစ်သာတောင် ဆတ်ဆတ်တုန်နေရတဲ့အထဲ၊ ကျုပ်ကိုယ်တိုင်သာ အရစ်ခံလိုက်ရရင်ဖြင့် လိပ်ပြာလွင့်ရချည်ရဲ့"

ဇီးပုသည် တုန်ရီခြောက်ကပ်သော အသံဖြင့် ခါးခါးသီးသီး ငြင်းဆန်လေ

mgyoe.com

mgyoe.com SAMPLE BOOK
သည်။ အသံမှာကား ခပ်တိုးတိုးပင်။ ခရီးဝေးမှ အပြေးပြန်လာရသူနှယ်။ အားအင်ကုန်ခမ်း နွမ်းနယ်နေသည့်အလား။ ကိုရေမှုတ် ခေါင်းကုတ်လိုက်မိသည်။ သည်ပုဏ္ဏာဘယ့်နှယ့်ရှင်းရပါ့ဆိုသည့် ဟန်ပန်မျိုး။ မပိုးစာကမူ ဇီးပုဏ်၏ ငြင်းဆန်သံကို ကြားဟန်တူသည်။

"ကိုင်းပါ ရေမှုတ်ရယ်။ ဗန္ဓုလသမီးကို ပွဲထုတ်မနေစမ်းပါနဲ့တော့။ မင်းကိုယ်တိုင်သာ ကောက်လာခဲ့တော့။ တို့များ သားမိဒွေးလို၊ နှမနဲ့မောင်လို နေလာကြတဲ့ဟာ။ မျက်နှာပူ အားနာမနေနဲ့တော့။ ကောက်သာ ကောက်ခဲ့။ မင်းမကောက်ရင်တော့ ငါကိုယ်တိုင် ထလာရုံပဲ ကျန်တော့သယ်။ အချိန်လည်း လင့်လှပြီ။ ထညက်ရောင်းဖို့က နောက်ကျလှပေါ့။ ကျွန်းချောင်းကားတွေရော မီပါတော့မလား မသိဘူး"

မပိုးစာ ပြောလိုက်မှ ရေမှုတ်ခမျာ ပို၍တုန်လှုပ်ရတော့သည်။ မပိုးစာထလာ၍ကား မဖြစ်။ သို့နှင့် အလျင်အမြန် အကြံထုတ်ရသည်။ ဇီးပုကို ဇရပ်ခင်းထားသည့် ကြမ်းတစ်ချောင်း သွားယူခိုင်းလိုက်သည်။ ဇီးပုကလည်း ဤမျှလောက်တော့ လုပ်ပေး၏။ ကြမ်းချောင်း ရလာချိန်တွင် ကိုရေမှုတ်သည် မပိုးစာ၏ထဘီကွင်းကို ကြမ်းဖြင့်ထိုးကာ မပိုးစာရှိရာသို့ မှန်းဆ၍ လှမ်းပေး၏။ သို့ရကား ကြမ်းချောင်းသည် ပျော့ညွတ်နေသည်ဖြစ်ရာ လိုရာခရီးသို့ မပေါက်နိုင်။ တရမ်းရမ်းတခါခါရှိလေသည်။

"ဟဲ့... ဟဲ့... ဘုရား ဘုရား။ နင့်ဟာကြီးက တရမ်းရမ်းနဲ့။ ဘာကြီးတုံးဟဲ့"

မပိုးစာထံမှ အသံထွက်လာပြန်သည်။ ထိုအခါ ဇီးပုသည် မပိုးစာကို မှင်စာပြန်တွယ်သည် အထင်နှင့် ကိုရေမှုတ်အပါး အတင်းကပ်ပြန်၏။ ကိုရေမှုတ်လည်း ထဘီလှမ်းပေးသည့် ကြမ်းချောင်းကြီးဖြစ်ကြောင်း မပိုးစာကို ပြန်ဖြေရသည်။

"လန့်လိုက်သာ ရေမှုတ်ရယ်။ မင့်ဟာကြီး တရမ်းရမ်းက ငါ့များ ထိုးမိနေပါအုံးမယ်ဟဲ့။ ရာဇဝတ်မလွတ် ရှိလိုက်သာများ။ မှင်စာတွယ်လို့ ဘယ့်နှယ့်မှ မဖြစ်ဘဲ၊ မင့်ကြမ်းချောင်းကြီးနဲ့ ထိုးမိမှ ကျော်မကောင်း ကြားမကောင်း ဖြစ်ရချေရဲ့"

မပိုးစာသည် ရေမှုတ်ကို လှမ်း၍ အပြစ်ဆိုရင်း၊ ရှေ့ရောက်လာသည့် ထဘီကွင်းကို ကောက်ဝတ်လိုက်သည်။ ပြီးသည်နှင့် ရေမှုတ်နှင့် ဇီးပုရှိရာဆီသို့ လှမ်းလာခဲ့သည်။ ဇရပ်ပေါ်ပြန်ရောက်ကြတော့ အရှေ့အရပ်ဆီက ရောင်နီပျို့လာခဲ့ပြီ။ ထို့ကြောင့် သုံးဦးသားသည် ခဏတာမျှ ထိုင်ပြီးချိန်တွင် ထန်းလျက်တောင်းများကို ရွက်သူရွက်၊ ထမ်းသူထမ်းဖြင့် ခရီးနှင်ခဲ့ကြသည်။

ကံကောင်းထောက်မစွာပင် မြစ်ခြေရောက်ချိန်၌ ကျွန်းချောင်းဘက်

mgyoe.com

mgyoe.com SAMPLE BOOK
တက်သည့်ကားနှင့် ကြုံကြိုက်သည်မို့ ထန်းလျက်တောင်းများကို တင်လျက် ကျွန်းချောင်းသို့ နယ်ဆက်ခဲ့ကြပြန်သည်။ ကားပေါ်ရောက်မှပင် ကိုရေမှုတ်သည် ဆာလောင်ရကောင်းမှန်း သိတော့၏။ တစ်မနက်ခင်းလုံး ဘာအာဟာရမျှ မမှီဝဲခဲ့ရသည့် ဝမ်းတစ်ထွာသည် တကျုတ်ကျုတ်မြည်လာသည်။ တစ်ညလုံး အိပ်ချိန်မရခဲ့သလို၊ မနက်စာလည်း စားချိန်မရခဲ့။ စားချိန်ရသည့်တိုင် မီးဖိုထဲတွင် ထမင်းကြမ်းခဲအပြင် တခြားဟင်းလျာရယ်လို့ ရှိမည်မဟုတ်။ ထမင်းခဲကိုပင် ဆီလူးဆားဖြူးပြီး စားရုံသာ။ အိမ်တွင် အဖေနှင့်အမ(အမေ)အပြင် အစ်ကို၊ အစ်မ၊ ညီ၊ ညီမများလည်း ရှိသေးသည်ဖြစ်ရာ ကိုရေမှုတ် မစားရက်ပါ။ သူတို့ပဲ စားကြပါစေဟုသာ တွေးခဲ့သည်ချည်း။ သည်လိုနေ့ရက်တွေလည်း ကိုရေမှုတ်အဖို့ များလှပါပြီ။

မပိုးစာသည် ရေမှုတ်၏အခြေအနေကို ရိပ်မိပါသည်။ သူ့ခမျာ ဆာလောင်နေရှာပြီ ထင်၏။ ထို့ကြောင့် မိမိ၏ ထန်းလျက်တောင်းထဲမှ ထမင်းထုပ်လာသည့် ဒန်အိုးပိန်လေးကို ထုတ်ယူကာ ရေမှုတ်ထံသို့ ထိုးပေးလိုက်သည်။ ဇီးပုကလည်း သူ့ထမင်းဒန်ချိုင့်လေးကိုဖွင့်ကာ ရေမှုတ်ရှေ့သို့ ချပေး၏။

"ရော့ဟဲ့ ရော့ဟဲ့ သကောင့်သားရဲ့။ ဝမ်းလေးဘာလေး ဖြည့်လိုက်အုံး"

ရေမှုတ်သည် ငြင်း၏။ မပိုးစာက ဆူဆူငေါက်ငေါက်ဖြင့် စားခိုင်းရသည်။ ရေမှုတ်သည် အမြဲတစေ ဤသို့ဤနွယ်ချည်း။ ပထမတစ်ခါ ကျွေးလျှင် ငြင်းသည်။ တတိယအကြိမ်ထိ အရောက်မခံ။ ဒုတိယအကြိမ် ပြောလိုက်သည်နှင့် စားသည်သာ။ မပိုးစာနှင့် ဇီးပုကလည်း ထန်းလျက်ရောင်းထွက်တိုင်း ရေမှုတ်အတွက် ပိုပိုသာသာ ထည့်ယူခဲ့ကြသည်ချည်း။

ရေမှုတ်သည် အိမ်အပေါ် အလွန်ငဲ့သည်။ အငယ်များအပေါ် အင်မတန်ညာသည်။ ကိုယ်သာ အငတ်ခံလိုက်မည် ဆိုသည့် လူစား။ အိမ်ကိုငဲ့၍ အစားအသောက် ချိုသည်ဆိုသော်ငြား အလုပ်လုပ်ရာတွင်ကား ကြေးတိုက်ခိုကပ်တတ်သူမဟုတ်။ ကြုံရာအလုပ် သိမ်းကျုံးလုပ်တတ်သူ ဖြစ်သည်။ ကိုယ့်ယာကိုယ့်ကိုင်းထွန်စရာရှိ ထွန်သည်။ သူတစ်ပါးအခင်းက အငှားခေါ်လျှင်လည်း လိုက်သည်။ နွားအုပ်ပိုင်ရှင်များအနေဖြင့် လက်မလည် အလုပ်မအား၍ နေ့စားခဖြင့် နွားကျောင်းခေါ်လျှင်လည်း နွားကျောင်းသား လုပ်လိုက်သေး၏။ အလုပ်ပါးချိန်များကျ မပိုးစာတို့နှင့်အတူ တောင်နယ်တကြောသို့ (ကျွန်းချောင်းနယ်) ထန်းလျက်ရောင်းထွက်ပြန်သည်။ လုပ်ချင်ကိုင်ချင်စိတ် ရှိသလောက် အင်မတန်ဖင်ပေါ့သူဖြစ်၏။

အိမ့်အလုပ်ပဲ အားစိုက်သူလားဆိုတော့ မဟုတ်။ ရွာရေးရပ်ရေးတွင်လည်း

mgyoe.com

mgyoe.com SAMPLE BOOK

မလစ်ဟင်းရ။ ဦးစီးဦးဆောင် ရှိရှာသည်။ သာရေး နာရေးမှန်သမျှ ရေမှုတ်ခြေ ရေမှုတ်လက်နှင့် ကင်းသည်မရှိ။ သည်တော့ တစ်ရွာလုံးက ရေမှုတ်ကို သံယော ဇဉ်ပိုကြသည်။ ကိုရွှေဘော်နှင့် မပိုးစာတို့ လင်မယားသည်လည်း ရေမှုတ်အပေါ် တူလိုသားလို တစ်မျိုး၊ ညီလို မောင်လိုတစ်ဖုံ ချစ်ခင်ကြပါသည်။

ကိုရေမှုတ်သည် စားပြီးချိန်တွင် ထမင်းဒန်အိုးလေးကို ပုဆိုးစုတ်နှင့် ပြန်ထုပ်ကာ မပိုးစာနှင့် ဇီးပု၏ထန်းလျက်တောင်းများထဲသို့ ပြန်ထည့်ထားလိုက် သည်။ မပိုးစာသည် အိုင်ကြီးရွာသို့အရောက်တွင် ထန်းလျက်တောင်းကိုချကာ ဆင်းနေခဲ့၏။ ကိုရေမှုတ်နှင့် ဇီးပုတို့ကမူ ကျွန်းချောင်းဈေးသို့တိုင် လိုက်ကြရသည်။ ရောင်းချရာတွင်လည်း ကိုယ့်နယ်နှင့်ကိုယ်၊ ကိုယ့်မိတ်နှင့်ကိုယ်မို့ ကိုယ်စတည်းချမည့် နေရာသို့တိုင် လိုက်ကြရခြင်းဖြစ်၏။ အိုင်ကြီး၊ ကန်ကြီးစု၊ မြို့စိုးရွာများဆိုလျှင် မပိုးစာမှ မပိုးစာ။ တခြားထန်းလျက်သည် ဘယ်လောက်ရောင်းရောင်း မပိုးစာလာမှ ဝယ်ကြသူက များ၏။ အသိအိမ်တစ်အိမ်ဝင်၍ ထန်းလျက်တောင်းချလိုက်သည်နှင့် နီးရာဖောက်သည်က အုံကျလာတတ်ကြသည်။ သည်တော့ ပါသည့်ထန်းလျက် မကုန်သည့်နေ့ မရှိ။ ပါသမျှရောင်းကုန် ထွက်သည်ချည်း။

သုံးဦးသား အရင်ရောင်းကုန်သူက အိုင်ကြီးဇရပ်မှ စောင့်နှင့်ကြရသည်။ ထိုနေရာသည် ကိုရေမှုတ်တို့၏ ဆုံရပ်စုရပ် ဖြစ်၏။ အပြန်တွင်ကား အိမ်အတွက် လိုအပ်သည့် အခြောက်အခြမ်းလေးများကို ကျွန်းချောင်းဈေးထဲမှ ဝယ်ကြ၊ ခြမ်းကြ သည်။ အချိန်ရလျှင် မြစ်ခြေဈေးရောက်မှ ဝယ်ကြ၏။ တစ်နေကုန် အားထုတ်ခဲ့ကြ သမျှ ကိုယ့်အိမ်ကိုယ့်ရာ ပြန်ရောက်မှပင် ဟင်းချနိုင်ကြတော့သည်။

မပိုးစာ မှင်စာတွယ်ခံရသည့် သတင်းမှာလည်း တစ်မဟုတ်ချင်း တောမီး ကဲ့သို့ ရွာလုံးနှံ့လေသည်။ အားလုံးက ရယ်ရယ်မောမော စကြ နောက်ကြ၏။ မပိုးစာမှာလည်း ဖြစ်နေချိန်တွင် နှလုံးရပ်မတတ် ကြောက်လန့်ခဲ့မိသမျှ ပြန်တွေး ကြည့်မှ ငိုအားထက် ရယ်အားသန်ရတော့သည်။

ညရောက်သည့်အခါ ထုံးစံအတိုင်း ကွပ်ပျစ်ဝိုင်းတွင် စုကြ ဆုံကြပြန်သည်။ မိုးနတ်ကန် တာတူးရေးလုပ်ငန်းကို လဆန်းငါးရက်မှစ၍ လုပ်အားပေးကြရမည်ကို လည်း အစည်းအဝေးခေါ်ယူ ဆုံးဖြတ်ခဲ့သည်ကို ဘကြီးပန်းဦးက ပြော၏။

မပိုးစာတို့ တတ်နိုင်သမျှ ဝိုင်းကြဝန်းကြ အားထုတ်ကြရဦးမည်သာ။ ဝမ်းရေးအတွက် ရုန်းကန်ရသည်ဆိုငြား ရပ်ရေးရွာရေးကိုလည်း ပစ်ပယ်ထား၍ မရပေ။ ပေါက်ပြားကိုင်နိုင်သူက ပေါက်ပြားကိုင်၊ ခြင်းကြားဆွဲနိုင်သူက ခြင်းကြား

mgyoe.com

mgyoe.com SAMPLE BOOK

ဆွဲဖြင့် တူးကြ၊ ဆယ်ကြ၊ သယ်ဖို့ကြရပေမည်။ အကြောင်းရှိလာလျှင် ဝိုင်းကြ ဝန်းကြ သည်ကိုက မပိုးစာတို့၏ အညာဓလေ့ ရွာဓလေ့မဟုတ်လား။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၄)

နေဝင်ရိုးရီရောက်သည်နှင့် ဥယျာဉ်တောတစ်တောလုံး လူရိပ်လူရောင်များ၊ စကားစမြည်သံများဖြင့် တလှုပ်လှုပ် တသဲသဲ တဖွဲဖွဲတစည်စည် ရှိကြလေပြီ။ မိန်းမကြီးများ လုံမပျိုများသည် ရေအိုးနှစ်လုံးကို ဆင့်ကာရွက်ကာ ကူသယ် ခေါက်သယ် ရေခပ်ဆင်းကြရသကဲ့သို့ ယောကျ်ားကြီးများနှင့် ကာလသားလူငယ်များ သည်လည်း ဆိုင်းပေါင်ပေါ်ဝယ် သံပုံးတင်ကာ ထမ်းရသည့် ဆိုင်းထမ်းများကို အသီးအသက ထမ်းကြရင်း ရွာနှင့် ဥယျာဉ်တောကို ခေါက်တုံ့လူးလားရှိကြချေပြီ။ တချို့ လှည်းနွားရှိသူများမှာမူကား လှည်းပေါ်တွင် ရေစည်တင်ကာ ရေစည်တိုက် လာကြသူများလည်း ရှိ၏။

ထိုအထဲတွင် ကိုရေမှုတ်လည်း ပါသည်။ ကိုရေမှုတ်သည် လှည်းဆောင်ပန်း အိမ်တွင် တင်ထားသည့် သစ်သားရေစည်ကြီး၏ ထိပ်စွန်း၌ထိုင်ကာ နကန်ကိုမြှောက် နွားကိုငေါက်လျက် ရေတွင်းရှိရာ ဥယျာဉ်တောဘက်သို့ စိုင်းပြင်းမောင်းနှင်လျက် ရှိလေသည်။ စိတ်ထဲတွင်လည်း ဥယျာဉ်တောသို့ အဆောတလျင် ရောက်ရှိရေး၊ ကိုစံရီနှင့် မဒေါင်းလှတို့ကို မှာလိုက်သည့် ဘကြီးပန်းဦး၏ စကားကြုံ မိုးနတ်ကန်တာ တူးရေးနှင့် ငါးရံ့မင်းပရိတ်နာရန်အရေးတို့ကို တွေးတောရင်း ဂျင်ချာလည်နေသည်။

ရေစည်လှည်းတွင် ကောက်ထားသည့် နွားတစ်ရှဉ်းသည် ကိုရေမှုတ် အလိုကျ ကဆုန်စိုင်းလျက်ရှိ၏။ ဆိတ်အုပ် နွားအုပ်များ လှည်းများ ကူးချည်သန်းချည်

mgyoe.com

mgyoe.com SAMPLE BOOK

နင်းဖန် ကြိတ်ဖန်များသဖြင့် ဆန်ခါချထားသည့် ဆန်မှုန့်များသဖွယ် မှုန့်ညက်အိစက်နေသည့် မြေမှုန်မြေနုတို့သည်ကား လှည်းဘီးအကြွဝယ် ဖုန်းလုံးကြီးများအဖြစ် ထကြွလာကြလေသည်။ လိပ်ခနဲ လွင့်ခနဲ တက်လာသည့် ဖုန်လုံးထုကြီးအောက်ဝယ် ကိုရေမှုတ်နှင့် ရေစည်လှည်းကြီးသည် မြုပ်ချည်ပေါ် ချည်ရှိ၏။ မကွယ့်တကွယ်နေရောင်အောက်မှ ရေစည်လှည်းတစ်စီး၊ နွားတစ်ရှဉ်းနှင့် ကိုရေမှုတ်တို့၏ ပုံရိပ်များသည် တထောင်းထောင်းထနေသည့် ဖုန်လုံးကြီးအောက်ဝယ် ကဗျာဆန်လှသော ဆေးမင်စုတ်ချက်သဖွယ်။

သဲချောင်းစပ်သို့ ဆင်းမှပင် ကိုရေမှုတ်သည် ယင်းဖုန်လုံးထုကြီးအောက်မှ လွတ်မြောက်ခဲ့ရတော့သည်။ သို့သော် နွားနှစ်ကောင်၏ ခွာသံတို့မှာမူ မြန်ရာမှ ဖြည်း၊ သွက်ရာမှ လေးလာ၏။ ခွာတစ်ချက် ချလိုက်တိုင်း ဖြူလွလွဖွေးစင်နေသည့် ချောင်းသဲများကြားတွင် တအိအိ နစ်ကျွံသွား၏။ ကိုရေမှုတ်သည် ဥယျာဉ်တောသို့ ရောက်ရန် ဆန်တက်ရမည့် တမျှော်တခေါ် သဲချောင်းပြင်ကျယ်ကြီးအား တစ်ချက်မျှော်ကြည့်လိုက်ရင်း နွားနှစ်ကောင်၏တင်ပါးကို နကန်ဖြင့် အသာပုတ်လိုက်သည်။ နွားနှစ်ကောင်သည်လည်း သခင်၏အမိန့်ကို နားလည်ကျွမ်းဝင်နေသည့်အားလျော်စွာ နှာမှုတ်သံ တရှူးရှူးမြည်အောင်ပင် ရုန်းကြရှာ၏။

ဥယျာဉ်တောရေတွင်းသို့ ရောက်ချိန်တွင်ကား ကိုရေမှုတ်မှာ သက်မရှည်ကြီးသာ ချလိုက်မိတော့သည်။ ရေအိုးတန်းကြီးသည် မျက်စိတစ်ဆုံး။ ဤသည့်နောက်တွင် ဆိုင်းထမ်းများသည်လည်း အစီစီအရီရီ။ ရေစည်လှည်းများက သုံးစီးရပ်နေသေး၏။ သည်ပုံအတိုင်းဆိုလျှင် ကိုရေမှုတ်အဖို့ ရေတစ်စည် ရရန်အရေး တစ်ရေးတစ်မောအိပ်လျက် စောင့်စားရပေတော့မည်။ သို့သော်လည်း ကိုရေမှုတ်အနေဖြင့် အလှည့်ကျ စောင့်ခပ်ရန်မှတစ်ပါး အခြားမတတ်နိုင်ပါ။ သည်လိုမှ စောင့်မခပ်နိုင်လျှင် ရေငတ်ပေလိမ့်မည်။

ကိုရေမှုတ်တို့ရွာတွင် သောက်ရေ ရှားပါးသည်။ ချိုးရေနှင့် သုံးရေကိုမူ မိုးနတ်ကန်၊ ထန်းသားတွင်း၊ ဘုန်ကြီးကျောင်းဝင်တွင်း၊ နတ်စင်တွင်းနှင့် ရွာ့ခေါင်းရင်း သဲချောင်းပြင်ရှိ လက်ယက်ရေတွင်းများမှ အချိန်ပြည့်ခပ်နိုင်သော်လည်း သောက်ရေအတွက် အားကိုးအားထားရာဟူ၍ သည်ဥယျာဉ်တွင်းနှင့် ရွာနှင့် ခပ်လှမ်းလှမ်း ချောင်းပြင်တွင် တူးထားသည့် ရေကောင်းတွင်းတို့သာ ရှိသည်။ ယခု အချိန်ဆိုလျှင် ရေကောင်းတွင်းမှာလည်း ဆိုင်းထမ်း၊ ရေအိုး၊ ရေစည်တို့ ဗုံစီနေကြမည်ကို ကိုရေမှုတ် အတပ်သိပါသည်။ သောက်ရေအတွက် ဤမျှအထိ

mgyoe.com